ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်**

**( ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၇၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော် ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးနိုင်ထွန်းအုံ၊ မွန်(၅)၊ ကျန်းမာရေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီတာဝန်။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ကျန်းမာရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးရဲမြင့်၊ ပဲခူး(၄)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦး၊

ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**လယ်ဝေး-ပျဉ်းမနား မြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် မလွတ်ကင်းသည့် လယ်ယာမြေများကို စွန့်လွှတ်ခဲ့ရသည့်အတွက် နိုင်ငံတော်မှ တောင်သူများထံ ထောက်ပံ့သည့် နစ်နာကြေးများ ထုတ်ပေးခဲ့ရာ တောင်သူ(၅)ဦးခန့် ကျန်ရှိနေခြင်းနှင့် ရန်ကုန်-မန္တလေးမြို့ရှောင်လမ်းပေးလျော်ရာတွင် လယ်ဝေးမြို့နယ် အပိုင်းကိုသာ ပေးလျော်ခဲ့ပြီး ကျန်ရှိနေသေးသော ပျဉ်းမနားမြို့နယ်အပိုင်းရှိ နစ်နာကြေးမရသေးသူ တောင်သူများအား အမြန်ပေးလျော်နိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး က လယ်ဝေး-ပျဉ်းမနား မြို့ရှောင်လမ်း ဖောက်လုပ်ရာတွင် မလွတ်ကင်းသည့် လယ်မြေများကို စွန့်လွှတ်ခဲ့ရသည့်အတွက် နိုင်ငံတော်မှ တောင်သူများထံ ထောက်ပံ့သည့် နစ်နာကြေးများ ထုတ်ပေးခဲ့ရာ တောင်သူ(၅)ဦးခန့် ကျန်ရှိနေခြင်းနှင့် ရန်ကုန်-မန္တလေး မြို့ရှောင်လမ်း ပေးလျော်ရာတွင် လယ်ဝေး

မြို့နယ်အပိုင်းကိုသာ ပေးလျော်ခဲ့ပြီး ကျန်ရှိနေသေးသော ပျဉ်းမနားမြို့နယ်အပိုင်းရှိ နစ်နာကြေးမရသေးသူ တောင်သူများအား အမြန်ပေးလျော်နိုင်ရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများနဲ့ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ လွှတ်တော်နယ်မြေဟာ လယ်ဝေးနဲ့ ပျဉ်းမနား ဖြစ်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်-မန္တလေး မြို့ရှောင်လမ်း၊ လမ်းဟောင်းဟာ ကျွန်တော်တို့ လယ်ဝေးမြို့နယ်၊ သာဝတ္ထိကနေပြီးတော့ ကျွန်တော်တို့ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိကားဝင်းအထိ ကျွန်တော်တို့အပိုင်း ဖြစ်ပါတယ်။ အဲဒီအပိုင်းဟာ လယ်ဝေးနဲ့ပျဉ်းမနားအပိုင်း ဖြစ်တယ်ဆိုတာက အများသိရှိပြီး ဖြစ်ပါတယ်။ အဲဒါကို ကျွန်တော်တို့က ဒီဆောက်လုပ်ရေးဝန်ကြီးဌာနက ပေးလျော်တဲ့အခါမှာ လယ်ဝေးမြို့နယ်အပိုင်းသာ ပါရှိ ပြီးတော့ ကျွန်တော်တို့ ပျဉ်းမနားမြို့နယ်အပိုင်းများ ကျန်ရှိခဲ့တဲ့အတွက် ကျွန်တော် ဒီမေးခွန်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်တို့ အောက်ပါမေးခွန်းများကို မေးမြန်းလိုပါတယ်။

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်မှာ လယ်ဝေး-ပျဉ်းမနားမြို့ရှောင်လမ်း ဖောက်လုပ်ရာမှာ မလွတ်ကင်းတဲ့ လယ်ယာမြေများကို နစ်နာကြေးပေးတဲ့အခါမှာ ၂၈-၁၂-၂၀၁၄ ကနေပြီးတော့ ၁၃-၁-၂၀၁၅ အထိကို လယ်ဝေးမြို့နယ်မှာ ထုတ်ပေးတဲ့အခါမှာ လယ်ဝေးမြို့နယ်မှာရှိတဲ့ တောင်သူ(၅)ဦးခန့် ကျန်ရှိနေကြောင်း သိရတဲ့အတွက် ပြန်လည်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ။ (ခ) ရန်ကုန်-မန္တလေး မြို့ရှောင်လမ်း ပေးလျော်ရာမှာ လယ်ဝေးမြို့နယ်အပိုင်းကိုသာ ပေးလျော်ခဲ့ပြီး ကျန်ရှိ နေသေးတဲ့ ပျဉ်းမနားမြို့နယ်အပိုင်းရှိ နစ်နာကြေးမရသေးတဲ့ တောင်သူများကို အမြန်ပေးလျော်နိုင်ရေးအတွက် ဆောင်ရွက်ရမယ့်အစီအစဉ် ရှိ/မရှိ။ ပေးလျော်မယ်ဆိုပါက မည်သည့်ကာလတွင် အစောဆုံး ပေးလျော်နိုင်မည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကတစ်ဆင့် ဒေသခံပြည်သူတွေရဲ့ အကျိုး အတွက် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ကလေး - သိုင်းငင်း - ဖလမ်း ကားလမ်းမိုင်တိုင် ၄၃/၆ နားရှိ အန္တရာယ်ကုန်းအတက်အား ဆင်ခြေလျှော ၁၀ ဒီဂရီခန့်သို့ လျှော့ချပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်း က ကလေး-သိုင်းငင်း-ဖလမ်း ကားလမ်းမိုင်တိုင် ၄၃/၆ နားရှိ အန္တရာယ်ကုန်းအတက်အား ဆင်ခြေလျှော ၁၀ ဒီဂရီခန့်သို့ လျှော့ချပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းတဲ့မေးခွန်းမှာ ကျွန်တော်တို့ ကလေးမြို့ကနေပြီးမှ သိုင်းငင်း-ဖလမ်းကားလမ်း မိုင်တိုင် ၄၆ မိုင် ၆ ဖာလုံနားမှာ ရှိတဲ့ အန္တရာယ်ကုန်းအတက်အား ဆင်ခြေလျှော ၁၀ ဒီဂရီ ခန့်အထိ လျှော့ချပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းတောင်ဟာ ကျွန်တော်တို့ သက်နုမြေနဲ့ တည်ဆောက်ထားတဲ့ ဒေသဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်က အဲဒီ အခု အန္တရာယ်ကုန်းအတက်နားက မြေဟာ (၂)ဖာလုံခန့်ကို ကျွန်တော်တို့ အတော်လေးကို အောက်ကို လျောကျသွားပါတယ်။ အရင်တုန်းကလမ်းဖောက်လုပ်ခါစ တစ်ပြေးညီ နဲ့ ဖောက်လုပ်ထားတာဖြစ်ပါတယ်။ ဒါပေမဲ့ အဲလို ကျွံကျတဲ့ အတွက်ကြောင့် အခုလို အန္တရာယ်ကုန်းအတက် ဖြစ်သွားပါတယ်။ အဲဒါကိုလည်း အဲဒီ ကုန်းအတက်က ရိုးရိုးကုန်းအတက် မဟုတ်ဘဲနဲ့ ကျွန်တော်တို့ နေကွယ်တဲ့ဘက်မှာ တည်ရှိတဲ့အတွက်ကြောင့် အဲဒီနေကွယ်တဲ့ ဘက်ကနေ အမြဲတမ်းစွတ်စိုပြီးမှ အဲဒီကားသွားတဲ့အခါမှာ သူဟာ ဘီးတွေ ချော်လဲပြီးမှ သူဟာ စလစ်ဖြစ်နေပါတယ်။ အများအားဖြင့် အဲလိုဖြစ်နေပါတယ်။ အဲဒီ့အတက်နား ရောက်လို့ရှိရင်သာ ကျွန်တော်တို့ ကုန်ကားပဲဖြစ်ဖြစ်၊ နောက်ကျွန်တော်တို့ ပါဆင်ဂျာ ဆွဲတဲ့ကားပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ စိုးရိမ်နေရပါတယ်။ အဲဒါကို ကျွန်တော်တို့ ပြုပြင်နိုင်လို့ရှိရင်တော့ ကျွန်တော်တို့ ခရီးသွား လုပ်သားပြည်သူအနေနဲ့လည်း အတော်ကို အဆင်ပြေသွားမှာဖြစ်ပါတယ်။ နောက်တစ်ဖက်ကနေပြီးမှ ကျွန်တော်တို့ အဲဒီလမ်းက ကလေး-သိုင်းငင်းလမ်း ကားလမ်းဟာ ကျွန်တော်တို့ ချင်းပြည်နယ်ရဲ့မြို့တော် ဖြစ်တဲ့ ဟားခါးမြို့ကို သွားတဲ့ လမ်းမကြီးလည်း ဖြစ်ပါတယ်။ အောက်ပြည်အောက်ရွာက ကျွန်တော်တို့ အရာရှိကြီးများ၊ နောက်ဝန်ထမ်းများ၊ လေယာဉ်ဖြင့် ကလေးသို့ ကလေးကနေတစ်ဆင့် သွားလို့ရှိရင် ဒီလမ်းကို အမြဲတမ်း၊ အဲဒီလမ်းကိုပဲ ကားနဲ့ လိုက် နေကြရပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ ဒီခရီးသွားဝန်ထမ်းများ အပါအဝင် ပြည်သူလူထုများ သက်တောင့် သက်သာ စိုးရိမ်ပူပန်မှုမရှိဘဲ သွားလာနိုင်ရေးအတွက် (၄၃)မိုင်၊ (၆)ဖာလုံ အနားမှာရှိတဲ့ အန္တရာယ်ကုန်း အတက်ကို လျှော့ချဖို့ ကျွန်တော်တင်ပြထားခြင်း ဖြစ်ပါတယ်။ အဲလိုပါပဲ ဥက္ကဋ္ဌကြီး၊ အဲဒီ ကလေး-သိုင်းငင်း-ဖလမ်း ကားလမ်း၊ တချို့နေရာမှာ တော်တော်လေးကို အဲလိုပဲ လမ်းကျွံကျတဲ့နေရာ တော်တော် များများရှိပါတယ်။ ကျွန်တော်တို့ ဒုမန်းမရောက်ခင်မှာလည်း ကျွန်တော်တို့ (၃)၊ (၄)နေရာ လောက်ရှိ ပါတယ်။ နောက် ကျွန်တော်တို့ ဖလမ်းမရောက်ခင် ကျွန်တော်တို့ ရာလ်အွမ်ကျေးရွာရဲ့ အထက်နားမှာ ဆိုရင်လည်းပဲ အဲလိုပဲ ကားလမ်းက ကျွံကျပြီးမှ နောက်တစ်ခါ ဒီကားလမ်းကို သူက နည်းနည်း (၁၅) ဒီဂရီလောက် ဆုတ်နဲ့သွားတဲ့ဟာကို တစ်ခါတစ်လေ အဲဒီကနေပြီးတော့ ကျွံကျတဲ့အတွက် ပြန်လည်ပြီးမှ တက်ရတဲ့ အပိုင်းမှာလည်း ရှိပါတယ်။ အဲဒါကျတော့ ကျွန်တော်တို့ အန္တရာယ်များရတဲ့ အပြင် ကျွန်တော်တို့ကားကိုလည်းပဲ ကျွန်တော်တို့အောက်ပိုင်းက သိပ်မလွတ်ချင်တဲ့ အပိုင်းလည်းရှိတယ်။ နောက် အဲလို ကျွံကျတဲ့အတွက်ကြောင့် ကျွန်တော်တို့လမ်းလည်း ခုံးသလို ဖြစ်သွားတဲ့အခါကျတော့ ကားအောက်ပိုင်းကိုလည်း ကျွန်တော်တို့ ပွတ်တိုက်တဲ့အခါမှာလည်း ကားအတွက်လည်း အန္တရာယ် ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော် မေးမြန်းလိုတာကတော့ ဒီ ကလေး-သိုင်းငင်း-ဖလမ်း ကားလမ်း မိုင်တိုင် (၄၃) မိုင်နဲ့(၆)ဖာလုံအနားမှာရှိတဲ့ အန္တရာယ်ကုန်းအတက်အား ဆင်ခြေလျှော ၁၀ ဒီဂရီခန့်သို့

လျှော့ချပေးရန် အစီအစဉ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ခရီးသွားလုပ်သား ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်-မောင်တော ကတ္တရာ လမ်း(၁၆)မိုင်တွင် ကျန်ရှိနေသေးသော (၁၄ မိုင် ၂ ဖာလုံ) အား (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန်နှင့် မောင်တော မြို့နယ်ရှိ ခမောင်းဆိပ်မှ ဗန္ဓုလအထိ (၉ မိုင် ၃ ဖာလုံ) မြေသားလမ်းအား အဆင့်မြှင့်တင် ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမောင်သာခင် က ရခိုင်ပြည်နယ်၊ ဘူးသီးတောင်-မောင်တော ကတ္တရာ လမ်း(၁၆)မိုင်တွင် ကျန်ရှိနေသေးသော(၁၄ မိုင် ၂ ဖာလုံ) အား (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်ပေးရန်နှင့် မောင်တောမြို့နယ်ရှိ ခမောင်းဆိပ်မှ ဗန္ဓုလအထိ (၉ မိုင် ၃ ဖာလုံ) မြေသားလမ်းအား အဆင့်မြှင့်တင် ဖောက်လုပ် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးမောင်သာခင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုဝန်ကြီးများနှင့် ကော်မရှင် မှ ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ အပိုင်းနှစ်ပိုင်း ပါပါတယ်။ တစ်ပိုင်းကတော့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်-မောင်တော ကတ္တရာလမ်း(၁၆)မိုင်တွင် ကျန်ရှိနေသေးတဲ့ (၁၄) မိုင် (၂) ဖာလုံကို (၁၈)ပေ အကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းပဲ ဖြစ်ပါတယ်။ အဲဒီ မေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော် ဒီလမ်းရဲ့ သမိုင်းနောက်ခံအကြောင်း နည်းနည်းပြောခွင့်ပြုပါ။

ဒီဘူးသီးတောင်-မောင်တောလမ်းဟာ (၁၆)မိုင် ကွာဝေးပေမယ့် ဘူးသီးတောင် ဆိုတာက ကျွန်တော်တို့ မေယုမြစ်ကမ်းပေါ်မှာရှိပြီးတော့ မောင်တောကတော့ နတ်မြစ်ကမ်းပေါ်မှာရှိပါတယ်။ အဲဒီဘူးသီးတောင်နဲ့မောင်တောကို ဟိမဝန္တာတောင်စဉ်ဖြစ်တဲ့ ကျွန်တော်တို့ ပေ (၃၀၀၀) ကျော် (၄၀၀၀) ရှိတဲ့ တောင်တွေက ကာရံထားပြီးတော့ အရင်တုန်းဆိုရင် တောလမ်း မရှိခဲ့ပါဘူး။ အင်္ဂလိပ်ကိုလိုနီ အစိုးရလက်ထက်မှာ မောင်တော-ဘူးသီးတောင်ကို မီးရထားလမ်း ဖောက်လုပ်ခဲ့ပြီးတော့ အခု တောင်ပြို မြို့နယ်ခွဲကနေပြီးတော့ မီးရထားလမ်းက ဘူးသီးတောင်အထိ ဖောက်လုပ်ပြီးတော့ သွားခဲ့ပါတယ်။

နောက် ဒုတိယကမ္ဘာစစ် ပျူးရားဒွေစ် မှာ ကျွန်တော်တို့ အစီအစဉ်ပျက်ခဲ့ပါတယ်။ ဆိုတော့ ကျွန်တော်တို့ အဲဒီရထားလမ်းကို ကားလမ်းအဖြစ်ပြောင်းပြီးတော့ ကျွန်တော်တို့ အဲဒီလမ်းထိပ်မှာ ပေပေါင်း ၆၅၁ ပေရှိတဲ့ လိုဏ်ခေါင်းကြီးတစ်ခုရှိပါတယ်။ နောက်ပြီးတော့ (၉၈) ပေရှိတဲ့ လိုဏ်ခေါင်း အငယ်တစ်ခုလည်း ဖောက်လုပ်ပြီးတော့ရှိပါတယ်၊ အဲဒီ လိုဏ်ခေါင်းတွေက ကျွန်တော်တို့ မားတင်းအန် ကုမ္ပဏီက ၁၉၁၈ ခုမှာ ပြီးတယ်ဆိုပြီးတော့ အခုထိ ကြေးနန်းတံဆိပ်ကပ်ထားတာကို တွေ့ရပါတယ်။ အဲဒီ လိုဏ်ခေါင်းတွေကလည်း ခုနေခါမှာ ဆိုလိုရှိရင် အင်မတန်မှ ဟိုဒင်းဖြစ်နေတဲ့အတွက် ကျွန်တော်တို့ ပ-ဆ-င က အခု ကျွန်တော်တို့ ဒီမိုကရေစီ အစိုးရလက်ထက်မှာ ရှောင်ကွင်းလမ်းတစ်ခုကို အင်မတန်မှ

မမျှော်မှန်းနိုင်တဲ့ ကျွန်တော်တို့ ရှောင်ကွင်းလမ်း Diversion လမ်းတစ်ခုကို ဖောက်လုပ်ပြီးစီးသွားပါတယ်။ မနှစ်က ဧပြီလ ၂၆ ရက်နေ့မှာ ဆိုလို့ရှိရင် လမ်းဖွင့်လို့ ကျွန်တော်ကိုယ်တိုင်လည်း သွားတက်ရောက်ခဲ့ပါတယ်။ အဲဒီလိုဇာ်ခေါင်းကြီး ပျက်ရင်လည်း ခုတော့ ဘာမှုကိစ္စမရှိပါဘူး။ နောက်ပြီးတော့ ဘူးသီးတောင်-မောင်တော ကားလမ်းတစ်လျှောက်မှာရှိတဲ့ တံတားတွေကလည်း အခုအခါမှာ ဒီမိုကရေစီအစိုးရလက်ထက်မှာ အကုန်လုံး သံကူကွန်ကရစ်တံတားတွေဖြစ်ပြီးတော့ အင်မတန်မှ အဆင်ပြေချောမွေ့သွားပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ လမ်းကကျဉ်းနေပါတယ်။ ဆိုတော့ လမ်းက (၁၂)ပေဆိုတော့ ကားတစ်စီးစာပဲ ရှိတယ်။ ဆိုတော့ အဲဒီ့ ဒီဘူးသီးတောင်-မောင်တောကားလမ်းဟာ ဆိုလိုရှိရင် ကျွန်တော်တို့ ဘင်္ဂလားဒေ့ချ်-မြန်မာ (Border trade) အတွက် အင်မတန်မှ အရေးကြီးတဲ့ လမ်းဖြစ်ပါတယ်။ ရခိုင်ပြည်ကထွက်တဲ့ ကျွန်တော်တို့ သစ်တောထွက်ပစ္စည်းတွေ နောက်ပြီးတော့ ရေလုပ်ငန်းပစ္စည်းတွေက ဒီကားလမ်းကပါပဲ။ ကားကြီးတွေနဲ့ တစ်နေ့ကို ပျမ်းမျှ (၂၀၀)လောက် အသွားအပြန်ရှိတဲ့ လမ်းဖြစ်ပါတယ်။ လမ်းကျဉ်းတဲ့အခါကျတော့ကာ ကျွန်တော်တို့ တစ်ခုနဲ့တစ်ခု ကားရှောင်တိမ်းဖို့ သိပ်မလွယ်ပါဘူး။ တချို့နေရာတွေမှာ ဆိုရင် ကားတွေက နောက်ဆုတ်ပေးပြီးတော့ ရှောင်ပေးရ၊ လမ်းပေးရတာမျိုးတွေရှိပါတယ်။ အဲဒီ တစ်စီးနဲ့တစ်စီးက Negotiate လုပ်ဖို့ခက်ခဲတဲ့နေရာတွေလည်း ရှိပါတယ်။ ဆိုတော့ကာ ကျွန်တော်တို့ ပ-ဆ-င က ကျွန်တော်တို့ ဒီလမ်းကို (၁၈) ပေအကျယ် စီမံကိန်း လုပ်ပြီးတော့ အခုနေမှာ ကျွန်တော်တို့ ဘူးသီးတောင်ဘက်ကဆိုလို့ရှိရင် (၄) ဖာလုံလောက်ပြီးစီးနေပြီလို့ ပြောပါတယ်။

နောက်ပြီး မောင်တောဘက်ကဆိုရင် (၁) မိုင်နဲ့ (၂ )ဖာလုံ လုပ်လို့ပြီးပါပြီ။ ကျန်တဲ့ (၁၂) မိုင် (၂ ) ဖာလုံကို အဲဒီ ကတ္တရာ (၁၈) ပေ အကျယ်လုပ်ဖို့ အစီအစဉ် ရှိလား/ မရှိလားဆိုတာကို သိလို၍ မေးခွန်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ မောင်တောကနေပြီးတော့ ဗန္ဓုလ၊ ဗန္ဓုလ ဆိုတာက ကျွန်တော်တို့ အရင်တုန်းက စစ်သူကြီးဗန္ဓုလ၊ ကျွန်တော်တို့ Remove ကို ရှိခဲ့တဲ့လမ်း ဖြစ်ပါတယ်။ အဲဒါကို အစွဲပြုပြီးတော့ ကျွန်တော်တို့ ဗန္ဓုလကျေးရွာဆိုတာကို ရှိပါတယ်။ အဲဒီတော့ မောင်တောက အဲဒီ ဗန္ဓုလကျေးရွာဟာဆိုလို့ရှိရင် (၄၄) မိုင် (၇) ဖာလုံရှိပါတယ်။ အဲဒီ (၄၄) မိုင် (၇) ဖာလုံကို ကျွန်တော်တို့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းကနေပြီးတော့ တာဝန်ယူထားပါတယ်။ မောင်တောက ခမောင်းဆိပ်၊ ကျွန်တော်တို့ မောင်တောရယ်၊ ကျီးကန်ပြင်ရယ်၊ ကြိမ်ချောင်း၊ ခမောင်းဆိပ်၊ အောင်သပြေ- ဗန္ဓုလ ဆိုတာ အဲဒါ တောက်လျှောက်(၆)လမ်းဖြစ်ပါတယ်။ ကျွန်တော်တို့ လုံခြုံရေးအရ ခုနေခါမှာ အင်မတန်မှ အရေးကြီးတဲ့လမ်းဖြစ်ပါတယ်။ ဆိုတော့ကာ ခမောင်းဆိပ်က ဗန္ဓုလလမ်းပိုင်းက ရှိနေပြီးတော့ (၉) မိုင် (၃) ဖာလုံကို ၂၀၁၄-၂၀၁၅ နှစ်ကုန်အထိ ကျွန်တော်တို့ မြေသားလမ်း အဖြစ် တည်ရှိနေပါတယ်။ အဲဒါကို ကျွန်တော်တို့ အချိန်မရွေးသွားနိုင်တဲ့ ဟုတ်လား ကျောက်ခင်းလမ်း လုပ်လိုက်ရင် ကျွန်တော်တို့ မောင်တောကနေပြီးတော့ ဗန္ဓုလ အထိကို အချိန်မရွေးသွားနိုင်ပါတယ်၊ ဆိုတော့ မိုးတွင်း ၂၀၁၃ ခုနှစ်ကလည်း အဲဒီ မိုင်တိုင်အမှတ် (၅၃)(၅၄)မှာ အဲဒီ လမ်း RSO သုံးတဲ့ သူတွေရဲ့ ချုံခိုတိုက်ခိုက်မှုတွေနဲ့ ဒါ ကျွန်တော်တို့ Border Guard က ကျွန်တော်တို့ ambush အတိုက်ခံရတာတွေ ရှိပါတယ်။ အဲဒီ့လမ်းတွေ ကောင်းလို့ရှိရင် ကျွန်တော်တို့ လုံခြုံရေးအရ အင်မတန်မှ အကျိုးဖြစ်မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ခမောင်းဆိပ်က ဗန္ဓုလအထိ (၉)မိုင်(၃)ဖာလုံကို မိုးတွင်းကာလ ကျွန်တော်

တို့ လူစီးယာဉ်တွေ၊ ကုန်တွေ သွားနိုင်အောင် အဆင့်မြှင့်တင် ဖောက်လုပ်ပေးဖို့ အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်လွင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီးမှ မေးမြန်းထားတဲ့ လယ်ဝေး၊ ပျဉ်းမနားမြို့ရှောင်လမ်း ဖောက်လုပ်ရာမှာ မလွတ်ကင်းတဲ့လယ်မြေများကို စွန့်လွှတ်ခဲ့ရတဲ့အတွက် နိုင်ငံတော်မှ တောင်သူများထံ နစ်နာကြေးများ ထုတ်ပေးခဲ့ရာ တောင်သူ(၅)ဦး ကျန်ရှိနေခြင်း၊ ရန်ကုန်-မန္တလေးမြို့ရှောင်လမ်း ပေးလျော်ရာတွင် လယ်ဝေးမြို့နယ်အပိုင်းကိုသာ ပေးလျော်ခဲ့ပြီးတော့ ကျန်ရှိနေသေးတဲ့ ပျဉ်းမနားအပိုင်းမှာ နစ်နာကြေး မရတဲ့ တောင်သူများကို အမြန်ပေးလျော်နိုင်ရေးအတွက် ဆောင်ရွက်မယ့်အစီအစဉ်ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းကို စတင်ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်မှာ လယ်ဝေးမြို့ - ပျဉ်းမနားမြို့ရှောင်လမ်း ဖောက်လုပ်ရာမှာ မလွတ်ကင်းတဲ့ လယ်ယာမြေများကို စွန့်လွှတ်ခဲ့ရတဲ့အတွက် နိုင်ငံတော်မှ နစ်နာကြေးများကို တောင်သူဦးကြီးများကို ထုတ်ပေးခဲ့တဲ့အခါမှာ လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်အဖွဲ့ ခွဲ (၁၁) ရဲ့တင်ပြချက်အရ လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု (၇)စုကနေ တောင်သူ (၂၁၇)ဦးပိုင်တဲ့ လယ်မြေ (၂၄၇.၁၇) ဧက၊ ယာမြေ(၇၂.၇၁)ဧက စုစုပေါင်း လယ်ယာမြေ (၃၁၉.၈၈) ဧကအတွက် ပြည်ထောင်စု ငွေလုံးငွေရင်း ဖြည့်စွက်ရန်ပုံငွေကနေပြီးတော့ ကျပ်(၄၁၅.၁၈)သန်းအနက် ကနေပြီးတော့ (၄၀၇.၁၁)သန်းကို ၂၈-၁၂-၂၀၁၄ ရက်နေ့မှ ၁၃-၁-၂၀၁၅ နေ့အထိ ပေးလျော်ခဲ့ပြီး ဖြစ်ပါတယ်။ လယ်ဝေးမြို့မှာ ကျန်နေတဲ့ တောင်သူ(၅)ဦးအတွက်လည်း အရှုပ်အရှင်းလေးတွေရှိတဲ့ အတွက် ကျွန်တော်တို့ ဆက်လက်ပြီးတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးကော်မတီနဲ့ ကျွန်တော်တို့ဌာနနဲ့ အမှန်ပေးလျော်ရမည့် မြေကို ၁၉-၂-၂၀၁၅ မှာ ကွင်းဆင်းတိုင်းတာခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းတာပြီးတဲ့အခါမှာ အခု ကျန်တဲ့ လယ်ဧက အတွက် တစ်ဧက ဈေးနှုန်းလည်း သတ်မှတ်ပေးပြီး ဖြစ်တဲ့အတွက် ကျွန်တော်တို့ လက်ထဲမှာလည်း ငွေလည်း အဆင်သင့်ရှိပြီးသားဖြစ်တဲ့အတွက် ဒီလအတွင်းမှာ တောင်သူ(၅)ဦးအတွက်ကို ပေးချေ သွားမည် ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ပျဥ်းမနားမြို့နယ် အပိုင်းမှာလည်း ကျွန်တော်တို့ ခုခါမှာ ကျေးရွာအုပ်စု (၅)စုက တောင်သူပေါင်း (၂၆၅)ဦး ပိုင်တဲ့ လယ်မြေ(၁၃၅.၈၅)ဧက၊ ယာမြေ(၃၄.၄၉)ဧက စုစုပေါင်း လယ်ယာမြေ (၁၇၀.၃၄)ဧက၊ စိုက်ပျိုးထားတဲ့သီးနှံ (၁၆၉.၉၇)ဧကနဲ့ အဆောက်အဦ နှစ်လုံးအတွက် ပျဥ်းမနားမြို့နယ်မြေစာရင်းဦးစီးဌာနမှာ စိစစ်ပြီးတဲ့အတွက် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီမှာ ဆက်လက်စိစစ်လျက်ရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ မြေအမျိုးအစားအလိုက် ပေးလျော်ရမယ့် တစ်ဧကနှုန်းထားများ တောင်းခံထားပြီးတော့ ကျွန်တော်တို့ ဆက်လက်ပြီး နေပြည်တော်ကောင်စီကို တင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၅-၂၀၁၆ မှာတော့ ပျဥ်းမနားမြို့နယ်အတွက် လျော်ကြေးငွေတွေလည်း ကျွန်တော်တို့ ပေးဖို့ ဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးကျွန်ခဲန်း မှ မေးမြန်းထားတဲ့ ကလေး-သိုင်းငင်း-ဖလမ်း ကားလမ်း မိုင်တိုင် ၄၃/၆ နားမှာရှိတဲ့ အန္တရာယ်ကုန်းအတက်ကို ဆင်ခြေလျှော ၁၀ ဒီဂရီခန့် လျှော့ချ ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းကို ဖြေကြားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်းမှာရှိတဲ့ ကလေး-သိုင်းငင်း-ဖလမ်း-ဟားခါး လမ်းဟာ (၁၁၅)မိုင်(၁)ဖာလုံ ရှည်လျားပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ချင်းပြည်နယ် ဟာ ရေမြေ တောတောင်သဘာဝအရ တောင်ကုန်းတောင်တန်းများ ထူထပ်များပြားတဲ့ ဒေသဖြစ်တဲ့အတွက် ချင်းပြည်နယ်အတွင်းမှာရှိတဲ့ လမ်းအများစုဟာ အတက်အဆင်း (၁၇)ရာနှုန်း (၁၀)ဒီဂရီခန့် ရှိကြပါတယ်။ ကလေး-သိုင်းငင်း-ဖလမ်း-ဟားခါးလမ်းရဲ့ မိုင်တိုင်(၄၃/၆)မှာရှိတဲ့ အန္တရာယ်ရှိတဲ့ကုန်းအတက်ဟာ ပေ(၅၀၀)ခန့် ရှိပြီးတော့ ဆင်ခြေလျှောက (၁၂)ရာနှုန်း (၇)ဒီဂရီ လောက်ရှိပါတယ်။ ဒီကုန်းတက်ကို ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှာ သတ်မှတ်ထားတဲ့ ဖြစ်သင့်တဲ့ စံနှုန်း(၇)ရာနှုန်းအထိ ဆောင်ရွက်သွားဖို့ စီစဉ်ပြီး ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ ပေ(၇၀၀)ခန့် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ အထူးပြင်ဆင် ထိန်းသိမ်းရေး ရန်ပုံငွေထဲကနေ အမြန်ဆုံး ဆောင်ရွက်ပေးမည် ဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ကတော့ ရခိုင်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမောင်သာခင် မှ မေးမြန်းတဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်-မောင်တော ကတ္တရာလမ်း (၁၆)မိုင်မှာ ကျန်နေသေးတဲ့ (၁၄) မိုင် (၂)ဖာလုံကို (၁၈)ပေ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန်နှင့် မောင်တောမြို့နယ် ခမောင်းဆိပ်ကနေ ဗန္ဒုလအထိ (၉)မိုင် (၃)ဖာလုံ မြေသားလမ်းကို အဆင့်မြှင့်တင်ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းမှာရှိတဲ့ ဘူးသီးတောင်-မောင်တောလမ်းဟာ (၁၆)မိုင် ရှည်လျား ပြီးတော့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကနေ စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ ၃၁-၃-၂၀၁၄ ရက်နေ့အထိ လမ်းအခြေအနေက (၁၈)ပေ ကတ္တရာလမ်းဟာ (၆)ဖာလုံနဲ့ (၁၂)ပေ ကတ္တရာလမ်းက (၁၅)မိုင်နဲ့ (၂)ဖာလုံ ရှိပါတယ်။ (၁၈)ပေ ကတ္တရာလမ်း ချဲ့ရန်အတွက် ကျန်တဲ့ (၁၅)မိုင် (၂)ဖာလုံကနေ ပြီးတော့ အနက်မှာ မိုင်တိုင် (၀၁)ကနေ (၀၃)ထိ (၂)ဖာလုံကို လာမယ့်နှစ်မှာ တရားဝင်ချဲ့ဖို့ ရန်ပုံငွေ ရရှိပြီး ဖြစ်ပါတယ်။ အဲဒီကနေ (၁၈)ပေကို ဆက်ပြီး ချဲ့သွားမှာဖြစ်ပါတယ်။ ကျန်တဲ့လမ်းချဲ့တဲ့

အပိုင်းကိုလည်း ကျွန်တော်တို့ ဆက်ပြီးတော့ ဆောင်ရွက်သွားမှာ ဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မောင်တောမြို့နယ် ခမောင်းဆိပ်ကနေ ဗန္ဓုလအထိ (၉)မိုင် (၃)ဖာလုံလမ်း မြေသားလမ်းနဲ့ပတ်သက်လို့ ရှင်းလင်းတင်ပြပါမယ်။ မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း-အောင်သပြေ-ဗန္ဓုလလမ်းဟာ (၄၄)မိုင် (၇)ဖာလုံ ရှည်လျားပြီးတော့ ခမောင်းဆိပ်-ဗန္ဓုလပိုင်းဟာ (၃၅/၄)ကနေပြီးတော့ (၄၄/၇)အထိ (၉)မိုင် (၃)ဖာလုံ ရှည်လျားပါတယ်။ အဲဒီတော့ ဒီလမ်းဟာလည်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့က စီမံခန့်ခွဲတဲ့လမ်းပဲ ဖြစ်ပါတယ်။ သို့ရာတွင် ခမောင်းဆိပ်ဗန္ဓုလပိုင်း (၉)မိုင်(၃)ဖာလုံဟာ မြေလမ်း အမျိုးအစား ဖြစ်ပြီးတော့ အမာလမ်းခင်းခြင်းလုပ်ငန်းအတွက်ကို ၂၀၁၅-၂၀၁၆ မှာ ကျွန်တော်တို့ ဘဏ္ဍာငွေ (၄၄၈.၉)သန်း ကျွန်တော်တို့ ထည့်ထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ လာမယ့်နှစ်မှာ စပြီးဆောင်ရွက်မယ်လို့ ထင်ပါတယ်။ (၂)နှစ်အတွင်းမှာတော့ ဒီကောင်က အမာခံလမ်း ဖြစ်သွားမှာ ဖြစ်ပါတယ်။ လာမယ့်နှစ်မှာလည်း ရထားတဲ့ ရန်ပုံငွေနဲ့ ထိရောက်စွာ မိုးကာလအတွင်း သွားနိုင်အောင် ဆောင်ရွက်ပေးမှာ ဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**သံတွဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာ၊ တောင်သူ(၆၆)ဦး၏ ဥယျာဉ်ခြံမြေ (၃၅.၅၃)ဧကအား တပ်မြေ တိုးချဲ့ရန် သိမ်းဆည်းထားခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က သံတွဲမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာ၊ တောင်သူ(၆၆)ဦး၏ ဥယျာဉ်ခြံမြေ (၃၅.၅၃)ဧကအား တပ်မြေ တိုးချဲ့ရန် သိမ်းဆည်းထားခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အမှူးပြုတဲ့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေရန် မေတ္တာပို့သ ဆုတောင်းအပ်ပါတယ်။ ဒီမေးခွန်းလေးက တော်တော်ကြာပါပြီ။ ကျွန်တော်တို့ မေးရတဲ့ ရည်ရွယ်ချက်ကလည်းပဲ အရပ်ဘက်၊ စစ်ဘက် ဆက်ဆံရေး ပိုမိုကောင်းမွန်စေချင်တဲ့ ရည်ရွယ်ချက်ပါ ပါတယ်။ ပြီးခဲ့တဲ့ကာလက နိုင်ငံအာဏာကို ယူထားခဲ့စဉ်တုန်းက၊ ပွင့်ပွင့်လင်းလင်း တင်ပြရလို့ရှိရင် ဘာမဆို ဆောင်ရွက်နိုင်စွမ်း ရှိခဲ့စဉ်တုန်းက ပြည်သူတွေရဲ့ နစ်နာချက်များကို တည်ဆဲဖွဲ့စည်းပုံအခြေခံ ဥပဒေပါ နိုင်ငံသား မူလအခွင့်အရေး ထိခိုက်နစ်နာမှုတွေ ရှိခဲ့တာမို့လို့ ပြန်လှန်သုံးသပ်ပြီးမှ တည်ဆဲအစိုးရမှာ မူလနစ်နာတဲ့ ပုဂ္ဂိုလ်တွေကို ပြန်လည်ပေးအပ်

ဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကလည်းပဲ လယ်ယာမြေနဲ့ အခြားမြေများ စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်း ပြီးတော့မှ အစိုးရနဲ့ ပြည်သူ ချစ်ကြည်မှု ဦးဆောင်ခဲ့တဲ့ တပ်မတော်အစိုးရလက်ထက်က အခြေအနေအရပ်ရပ်နဲ့ စစ်ဘက်အရပ်ဘက် ဆက်ဆံရေး ပြန်လည်ကောင်းမွန်မှုအတွက် ကြိုးစားပမ်းစား ဆောင်ရွက်နေကြတဲ့အချိန်မှာ ဒီမေးခွန်းကို မမေးဖြစ်ခဲ့မှာစိုးလို့ မေးဖြစ်အောင်မေးဖို့ ရည်မှန်းချက်ကြီးကြီးနဲ့ တင်ပြရခြင်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ န.ယ.က လက်ထက်က သံတွဲမြို့နယ်မှာ ၂၀၀၀ ပြည့်နှစ်လောက်က (၁/၂၀၀၀) နဲ့ ခ.ရ.က သံတွဲ က ခ.လ.ရ (၅၅) တိုးချဲ့ဖို့ ဆိုတဲ့ ရည်မှန်းချက်နဲ့ ကွင်းအမှတ် (၂၀၁) ကွမ်းခြံကုန်းကွင်း၊ ကွင်းအမှတ် (၂၀၂) ဇီးဖြူကုန်းကွင်းဆိုတဲ့ နေရာမှာ ဒေသခံ ရခိုင်တိုင်းရင်းသားများ ဘန်ဂလိုလေးတွေ ဈေးဆိုင်ခန်းလေးတွေ ဖွင့်ပြီးတော့ ဒီလိုလုပ်ကိုင်စားသောက်လို့ရတဲ့ ရွာမြေအဖြစ် သတ်မှတ်လို့ ရတဲ့ ပြန်တမ်းဝင်ရွာမြေ (၃၅.၅၃)ဧကမှာ ခုလိုပဲ (၁/၂၀၀၀) ထုတ်ပြီးကာမှ ကာလသတ်မှတ်တဲ့ အချိန်အတွင်းမှာ မဖယ်ပေးလို့ရှိရင်၊ မိမိအိမ်ကို မိမိမဖျက်ပေးခဲ့လို့ရှိရင် ဘူဒိုဇာကြီးတွေသုံးပြီးဖျက်မယ်၊ အကုန်လုံးကိုနှင်မယ်ဆိုတဲ့ ခြိမ်းခြောက်မှုမျိုးစုံနဲ့ ဒေသခံလူထု ခံရတဲ့အခါမှာ ကြောက်ရွံ့ပြီးကာမှ မိမိတို့ရဲ့ မူလနှစ်ပေါင်းများစွာ လက်ငုတ်လက်ရင်း လုပ်စားလာခဲ့ကြတဲ့ ဘန်ဂလိုတွေကိုဖျက် အုန်းပင်တစ်ပင်ကို (၂)ကျပ် (၃)ကျပ်နဲ့ ကာလပေါက်ဈေး သိန်း(၅၀၀၀)လောက် အဲဒီတုန်းကရှိခဲ့တဲ့မြေကို တစ်ဧကကို (၂၈၀၀၀)နှုန်းဈေးဖြတ် ကာကွယ်ရေးဝန်ကြီးဌာနက သိန်း (၃၀)ကျော်လောက် နစ်နာကြေး သဘောပေးပြီးကာမှ ပွင့်ပွင့်လင်းလင်း တင်ပြရလို့ရှိရင် (၆၆)ဦးထဲမှာ (၃၇)ဦးသော အိမ်ထောင်စုကပဲ ငွေ(၁၉)သိန်းကျော်လောက်ကို လက်ခံပြီး (၂၃)အိမ်ထောင်စုက (၁၁)သိန်းကျော်လောက်ကို လက်မခံဘဲ၊ လုံးဝလက်မခံဘဲနဲ့ ပြန်ပို့ပေးတဲ့ ဖြစ်စဥ် ဖြစ်ခဲ့ဖူးပါတယ်။ ခ.လ.ရ (၅၅)ဆိုတာလည်းပဲ မူလ (၁၆၀.၃၄)ဧက ရှိတဲ့ ခြံဝန်းကြီး ရှိပြီးကာမှ သူနဲ့ (၁)ဖာလုံလောက်ဝေးတဲ့ ပင်လယ်ကမ်းစပ် အင်မတန် အကွက်အကွင်းကျတဲ့ နေရာလေးမှာ တည်ရှိတဲ့ ဒီမြေလေးကို တပ်မြေ တိုးချဲ့ရန် ဆိုတဲ့ ရည်မှန်းချက်နဲ့ လန ၃၉ အတင်းအကြပ် နှင်တဲ့သဘော ဖြစ်သွားတဲ့အခါမှာ ခုနလို ကျွန်တော် မူလတင်ပြခဲ့တဲ့အတိုင်းပါပဲ ဒီဖြစ်စဥ်ဟာ ဖြစ်သွားခဲ့ပါတယ်။

သို့သော်လည်းပဲ ဒီမိုကရေစီခေတ်ဦးမှာ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရကြီး ပေါ်ထွန်းလာခဲ့တဲ့အခါမှာ ဘာမှမလုပ်ဘဲ သိမ်းဆည်းထားခဲ့တဲ့ မြေကြီး (၄၊ ၅၊ ၆) နှစ်လောက်ကြာတဲ့အခါမှာ ဟိုတယ်ကြီး (၆)ခု အပြိုင်အဆိုင် သူ့ထက်ငါ အပြိုင်ဆိုင် ပေါ်လာတဲ့ ကာလမျိုးမှာ ဒါမိမိတို့ရဲ့ မူလပိုင်ရှင်ဖြစ်တယ်ဆိုတဲ့ နိုင်ငံသားများ မူလအခွင့်အရေးကော်မတီကလည်း ဆောင်ရွက်စရာရှိတာကို ဆောင်ရွက်နေတဲ့အခါမှာ ယုံကြည်မှုကြီးစွာဖြင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ နိုင်ငံသားမူလအခွင့်အရေး ဒီမိုကရေစီရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာ ကော်မတီကို တင်ပြ တိုင်တန်းလာပါတယ်။ မိသားစု(၆၆)ထဲက ဒေါ်ညွန့်ညွန့် ပါ (၇)ဦးကပဲ ဦးဆောင်ပြီးမှ ဒီကိစ္စလေးကိုတင်ပြတဲ့အခါမှာ အမျိုးသားလွှတ်တော်ရဲ့ နိုင်ငံသားမူလအခွင့်အရေး ကော်မတီဟာ ကျွန်တော်တို့ ကနဦး စုံစမ်းစစ်ဆေးပါတယ်။ အဲဒီမှာ အခု ဥက္ကဋ္ဌကြီးဖြစ်နေတဲ့ ဦးမြင့်ထွန်း တို့ ဦးဖုန်းမြင့်အောင် တို့ ပါတဲ့ အဖွဲ့နဲ့ ကျွန်တော်တို့ စိစစ်ဖို့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးဆီကို တင်ပြတဲ့အခါမှာ ပြည်ထောင်စုအစိုးရဘက်က ဒါဟာ အစိုးရရဲ့ လုပ်ငန်းဆောင်ရွက်မှု ဖြစ်တယ်။ လွှတ်တော်ရဲ့ကဏ္ဍ မပါအပ်ဘူး ဆိုတဲ့သဘောနဲ့ ပြန်ကြားတဲ့အခါမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော် နိုင်ငံသားမူလ အခွင့်အရေးကော်မတီရဲ့ လုပ်ပိုင်ခွင့်တွေကို ပြန်တင်ပြပြီး ညှိနှိုင်းတဲ့အခါမှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ညှိနှိုင်းဆောင်ရွက်မှုအရပဲ ကျွန်တော်တို့ကော်မတီဟာ သံတွဲကို သွားရောက်စစ်ဆေးနိုင်ခဲ့ပါတယ်။ ဒီကော်မတီမှာပါတဲ့ ပုဂ္ဂိုလ်ကြီး

တွေ အကုန်လုံးကိုလည်းပဲ ဒီ ဖြစ်စဥ်မှာပါတဲ့ တစ်ဦးချင်း ကြားနာမှုအပေါ်မှာ မေးမြန်းစုံစမ်းမှု လည်းပဲ ဒုတိယဝန်ကြီးအနေနဲ့ မေးမြန်းစုံစမ်းနိုင်ပါတယ်။ ဒီဖြစ်စဥ်နောက်ပိုင်းမှာ ကျွန်တော်တို့ဟာ အမျိုးသား လွှတ်တော်ရဲ့ စုံစမ်းစစ်ဆေးရေးကော်မတီကို ပြန်တင်ပြပါဆိုတဲ့သဘောနဲ့ ကျွန်တော်တို့ အစီရင်ခံစာ တင်တဲ့အခါမှာ အမျိုးသားလွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ဥပဒေရေးရာနဲ့ ဘဏ္ဍာရေး ကော်မရှင်ဆိုတာ ရှိပါတယ်။ ဗိုလ်ချုပ် ဦးအောင်ထွန်း ဦးဆောင်ပါတယ်။ ဒီကော်မရှင်ကို ပြန်လည်ပေးပို့ပါ ဆိုတဲ့သဘောနဲ့ ကျွန်တော်တို့ နိုင်ငံဒီလူကော်မတီရဲ့ သုံးသပ်အကြံပြုချက် အားလုံးကို ဘဏ္ဍာရေးနဲ့ ဥပဒေရေးရာ ကော်မရှင်ကို ထပ်ပြီး ပို့ပါတယ်။ ဒီဘဏ္ဍာရေးနဲ့ ဥပဒေရေးရာ ကော်မရှင်ကလည်းပဲ ကျွန်တော်တို့ သုံးသပ်ချက်တွေကိုပဲ ထောက်ခံပြီးမှ တချို့ အချက်အလက်များကို ပြန်လည်ထောက်ပြ ပြီးတော့ Land Acquisition Act ပါ ပုဒ်မများ မကိုက်ညီမှု ဒါတွေကို ထောက်ပြပြီးမှ ပြည်ထောင်စု လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ပွင့်ပွင့်လင်းလင်း ပြောလို့ရှိရင် လယ်ယာမြေနဲ့ အခြားမြေများ စုံစမ်းရေး ကော်မရှင် ဥက္ကဋ္ဌ ဦးတင်ထွဋ် ဆီ တင်ပြပြီးမှ ဒါကို ပြန်စုံစမ်းစစ်ဆေးသင့်တယ်ဆိုတဲ့ မှတ်ချက်ကြောင့် ကျွန်တော်တို့ ဟာ ကြိုးစားပြီးမှ ပြည်ထောင်စုလွှတ်တော်ဘက်ကို ဒီအမှုတွဲတစ်ခုလုံးကို ပြန်ပို့ပါတယ်။ အဲဒီမှာလည်း ကာလတော်တော်ကြာခဲ့တာ ရှိပါတယ်။ လယ်ယာမြေနဲ့အခြားမြေများ စုံစမ်းရေးကော်မရှင်မှာ ကျွန်တော် လည်း အဖွဲ့ဝင်အဖြစ် ပါပါတယ်။ ဦးစောရွှေ ဒုတိယဗိုလ်မှူးကြီး ဦးစောရွှေ က ခေါင်းဆောင် ပါတယ်။ သွားစစ်ဆေးတဲ့ အခါမှာ လယ်ယာမြေနဲ့အခြားမြေများ စုံစမ်းရေး စစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာ အပိုင်းလေး ရခိုင်ပြည်နယ်ကဏ္ဍ စာမျက်နှာ ၂၄ အပိုဒ်ခွဲ(ဇ) အပိုဒ်ခွဲငယ် ၇ မှာ ဒီတိုင်း ဖော်ပြခဲ့တာ ရှိပါတယ်။

သံတွဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ တောင်သူ (၆၆)ဦး၏ ဥယျာဉ်ခြံမြေ (၃၅.၅၃)ဧကအား တပ်မြေတိုးချဲ့ရန် အကြောင်းပြသိမ်းဆည်းခဲ့ပြီး ဟိုတယ်လုပ်ငန်းရှင်များသို့ လွှဲပြောင်းပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။ မူလရည်ရွယ်ချက်အတိုင်း အသုံးမပြုဘဲ ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားခြင်း၊ သိမ်းဆည်းသည့် ခ.လ.ရ (၅၅) တပ်မြေနဲ့ တစ်ဆက်တစ်စပ်တည်း မြေယာများ မဟုတ်ခြင်းတို့ကြောင့် တောင်သူများမှ ကျေနပ်မှု မရှိဘဲ ခေတ်ကာလနဲ့ လျော်ညီသော နစ်နာကြေးများ ပေးလျော်စေလိုခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပြီး ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ဟိုတယ်နှင့်ခရီး သွားလာရေး ဝန်ကြီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်ဖြေရှင်းသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အဲဒီအစီရင်ခံစာ လေး ထွက်တဲ့ကာလမှာပဲ ဗိုလ်ချုပ် ဦးကျော်ညွှန့် နှင့် ခ.လ.ရ (၅၅) ကလည်း ဒီမြေဟာ တပ်မြေအဖြစ် လုံးဝမစွန့်လွှတ်နိုင်ဘူးဆိုတဲ့ အသံလေးတွေ ထွက်လာတဲ့အခါမှာ ကျွန်တော်တို့ဆီကို တစ်ခါ ဒေသခံ မိဘပြည်သူများက စာရေးပြီးမှ အကြောင်းကြားလာပါတယ်။ အဲဒီအခါမှာ ကျွန်တော် ပြေးပြီးမှ ရခိုင် ပြည်နယ် ဝန်ကြီးချုပ်ဖြစ်တဲ့ ဗိုလ်ချုပ် ဦးမောင်မောင်ဦးကို တင်ပြပါတယ်။ ကြားဝင် ဆောင်ရွက်ပေးပါ။ ပြည်သူနဲ့ တပ်ဘက် အရပ်ဘက် ဆက်ဆံရေးဟာ အင်မတန် အရေးကြီးပါတယ်။

သံတွဲမြို့နယ်မှာ ရှိတဲ့ ငပလီ Beach ဆိုတာ အင်မတန် နာမည်ကြီးပါတယ်။ ပင်လယ်ကမ်းခြေ တစ်ခုလုံး တစ်လျှောက်လုံးကို ပြန်ကြည့်ရင် ရခိုင်တိုင်းရင်းသားပိုင်တဲ့ ဟိုတယ်ဆိုလို့ ဦးမြင့်လှိုင် တစ်ဦးပဲ ရှိပါတယ်။ ကျန်တာ အကုန်လုံးက ပြည်မ အခြေပြုတဲ့ လုပ်ငန်းရှင်ကြီးတွေ ပိုင်တဲ့ ဟိုတယ်ကြီးတွေပါ။ သို့သော်လည်း ဒေသခံတွေက ကျေနပ်ကြပါတယ်။ မိမိတို့ရဲ့ ဒေသလေးတွေမှာ ဒီလို ဖွံ့ဖွံ့ဖြိုးဖြိုး ဖြစ်လာတယ်။ လမ်းတစ်ဖက်မှာရှိတဲ့ စားသောက်ဆိုင်လေးတွေမှာ ဒေသထွက်တဲ့ အသီးအနှံလေးတွေ၊ Souvenir စသဖြင့် ဒေသထွက်တဲ့ ငါး ဟင်းလျာတွေကို ရောင်းပြီးကာမှ ဆိုင်လေးတွေ တည်ခင်းပြီးမှ

စီးပွား ရှာစားနေရတာကိုက ကျေနပ်တဲ့သဘော ရှိတဲ့အခါမှာ မိမိတို့ရဲ့ မူလလက်ငုတ် (၃၅.၅၃) လောက် ပိုင်တဲ့နေရာမှာ တပ်မတော်က တိုးချဲ့ရင်လည်း တပ်မတော်က ယူသွားပါစေ။ သို့သော်လည်းပဲ စီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် လုပ်ငန်းရှင်ကြီး (၆)ဦး တစ်နည်းအားဖြင့် ကုမ္ပဏီ အုပ်စု (၆)ခုကို ဟိုတယ်ကြီးတွေ အဖြစ် နိုင်ငံတော်ကြီးထဲမှာ နိုင်ငံငယ်လေး ပုံစံမျိုး ဖြစ်လာတဲ့အခါမှာ အင်မတန် လူထုက စိုးရိမ်ကြပါတယ်။ အမှန်အတိုင်း ပြောရလို့ရှိရင် တပ်မတော်သည်လည်းပဲ နိုင်ငံတော်ရဲ့ အဖွဲ့အစည်း တစ်ခု ဖြစ်တဲ့အခါမှာ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကို ပြည့်ပြည့်ဝဝ Standard Army ဖြစ်ဖို့ မည်သည့် ဘဏ္ဍာငွေမဆို လိုအပ်ရင် လိုအပ်သလို ပြည်ပကာကွယ်ရေးအတွက် ကျွန်တော်တို့ ခွင့်ပြုဖို့ ပြည်သူ လူထုမှာလည်း အဆင်သင့် ရှိပါတယ်။ သို့သော်လည်းပဲ မိမိရဲ့ ကဏ္ဍ ရပ်တည်မှုအတွက် ဒီလိုပဲ စီးပွားရေး လုပ်တဲ့သဘောနဲ့ ပြန်ကြည့်တဲ့ အခါမှာ MEC လိုလို ဦးပိုင်လိုလိုက ကိုင်ထားတယ်။ တပ်ထောက်က ကိုင်ထားတယ်ဆိုတာမျိုး ပြန်သုံးသပ်တဲ့အခါမှာ တပ်မတော်သည် စီးပွားရေးလုပ်စရာ လိုသေးရဲ့လား နိုင်ငံတော်ရဲ့ဘဏ္ဍာ ဒီလောက်ပံ့ပိုးပေးတဲ့ကဏ္ဍကို အသုံးပြုပြီးကာမှ စီးပွားရေးလုပ်ငန်းတွေကို ရပ်သင့်တဲ့သဘော ဖြစ်တဲ့အခါမှာ လယ်သမားတွေက ဥယျာဉ်ခြံမြေပိုင်တဲ့ ပုဂ္ဂိုလ်တွေက ဒါကြီးကိုဖြင့် နစ်နာကြေးသဘောမျိုးနဲ့ ကာလပေါက်ဈေး ခုဆိုရင် တစ်ဧကကို (၂၀၀၀၀)ကျော်လောက် ဖြစ်နေပြီ။ သူတို့ ယူစဉ်တုန်းက (၉၂)၊(၉၃)ရဲ့ စီမံကိန်း ကာလက သိမ်းတဲ့ မြေဟာ တစ်ဧကို (၂၈၀၀၀) လောက်နဲ့ ပေးပါတယ်။ အဲဒီကာလက ပေ (၄၀) ပေ (၆၀) မြေကွက် ပေးပါတယ်။

သို့သော် ပေးတဲ့မြေဟာလည်းပဲ ပြန်သိမ်းထားတဲ့ အများပိုင်တဲ့ လယ်မြေကို သိမ်းပြီးကာမှ ဖြစ်သလို ပေးထားတဲ့ မြေဖြစ်တဲ့အခါမှာ တချို့ဆိုရင် မယူပါဘူးခင်ဗျာ။ အဲဒါမျိုး ဖြစ်တဲ့အခါမှာ ကျွန်တော်တို့ စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေး ကာကွယ်ရေးဦးစီးချုပ်ရဲ့ လယ်ယာမြေနဲ့ပတ်သက်တဲ့ မူဝါဒ(၃)ချက်တို့နဲ့ နှီးနွှယ်တဲ့ကဏ္ဍလေးတွေကို အများပြည်သူ သိဖို့အတွက် လိုအပ်တဲ့အခါမှာ ဖြေလျှော့ပေးစေလိုတဲ့ဆန္ဒနဲ့ ကာကွယ်ရေးဝန်ကြီးဌာနရယ်၊ ဟိုတယ်ခရီးသွားလာရေးဝန်ကြီးဌာနရယ် ညှိနှိုင်းပြီးမှ ရသင့်ရထိုက်တဲ့ နစ်နာကြေးလေးတွေကို ဒီဒေသခံ တိုင်းရင်းသားလေးတွေကို ပေးခြင်း အားဖြင့် ကျေနပ်မယ့်သဘော ဖြစ်နေရဲ့သားနဲ့ လက်ရှိကာလလေးမှာ မဖြေရှင်းနိုင်ခဲ့ဘူးဆိုရင် နောင် ကာလမှာ အင်မတန် ကြီးကြီးမားမား အခက်အခဲရှိလာနိုင်တာကို တွေးမိလို့ ဒီကာလလေးမှာ ဖြေရှင်း ပေးပါ။ တတ်နိုင်သလောက် တပ်မတော်ဘက်က ဖြေလျှော့ပြီးမှ ဟိုတယ်ခရီးသွားလာရေးဝန်ကြီးဌာန၊ မိဘပြည်သူများ၊ ရခိုင်ပြည်နယ်အစိုးရ ညှိပြီးမှ လုံလောက်တဲ့ ပြေလည်မှုတစ်ခု ရအောင် ဆောင်ရွက် ပေးနိုင်မယ်ဆိုရင် ဒီအဖုတွေက အကုန်လုံး ပြေလျှော့သွားနိုင်မယ်လို့ ယုံကြည်ချက်ကြီးစွာဖြင့် ဒီမေးခွန်း ကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော် ဟိုတယ်ကြီးတွေရဲ့ ပုံတွေကိုလည်း နောက်ပိုင်းမှာ တင်ပြဖို့ ရှိပါတယ်။ မေးခွန်း တွေကို ကျွန်တော် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သဘောက်ပေါက်အောင် ကျွန်တော် မေးပါ့မယ်။ မေးခွန်း(၄)ခု မေးထားပါတယ်။

(က) မူလသိမ်းဆည်းရသည့် ရည်ရွယ်ချက်ကို သိမ်းဆည်းရန် စေခိုင်းသည့် ခ.လ.ရ (၅၅)က အကောင်အထည် မဖော်ဘဲ ချုံးဖောက်သည့်အတွက် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ၁၉၅၃ ပုဒ်မ ၄၈ အရ သိမ်းဆည်းပေးသည့် အဖွဲ့အစည်း မ.ဝ.တ သို့မဟုတ် ထွေ/အုပ်က သိမ်းဆည်းရန် တာဝန်ပေးသူ ခ.လ.ရ (၅၅)ကို အရေးယူခံထိုက်စေခြင်း ပြုသင့်ပါသည်။ မည်သည့်အတွက် ခ.လ.ရ (၅၅)သည် မူလရည်ရွယ်ချက်အတိုင်း အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့သည်။ ပျက်ကွက်ခဲ့သည့် အတွက် အနည်းဆုံး မြေသိမ်း အက်ဥပဒေ (Land Acquisition Act) အရ တပ်ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှု

နည်းလမ်းဖြင့် မည်သို့ အရေးယူထားရှိပြီး ဖြစ်သည်ကို သိရှိလိုပါသည်။ နည်းတူ ဤသို့ ပျက်ကွက်သဖြင့် မြေသိမ်းယူသူထံက သိမ်းဆည်းမြေအား ထပ်မံမြေသိမ်း အမှုတွဲ ဖွင့်လှစ်ပြီး ပြန်လည်သိမ်းယူကာ မူလပိုင်ရှင်များသို့ ပြန်လည်လွှဲအပ်ရန် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ရှိသည်၊ မရှိသည်ကို ဖြေကြားပေးစေလိုပါသည်။

(ခ) ပြည်ထောင်စုလွှတ်တော်၏ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာ အပိုင်း(၄)၊ အပိုဒ်(၁၀)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲငယ်(၇) သံတွဲမြို့နယ်ပါ အကြံပြုချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့မှ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မည်ကဲ့သို့ ညွှန်ကြားထားသည်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနမှလည်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ညှိနှိုင်းလျက် မူလပိုင်ရှင်များသို့ ခေတ်ကာလနှင့် လျော်ညီသော နစ်နာကြေးများ ပေးလျော်ရန် မည်ကဲ့သို့ စီစဥ်ထားသည်၊ စီစဥ်ပြီးဖြစ်သည်၊ မူလပိုင်ရှင်များ ကျေနပ်အောင် မည်ကဲ့သို့ ဆောင်ရွက်ပေးသွားရန် ရှိသည်တို့ကို ဖြေကြားပေးစေလိုပါသည်။

(ဂ) အဆိုပါ (၃၅.၅၃)ဧကသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ တပ်မြေသိမ်းဆည်းမှုနှင့် ပတ်သက်သည့် မူဝါဒ(၃)ချက်နှင့် ကင်းလွတ်ပါသဖြင့် အမြန်ဆုံး မူလပိုင်ရှင်များသို့ ခေတ်ကာလနှင့် လျော်ညီသည့် နစ်နာကြေးပေးသွားရန် လိုအပ်မည် ဖြစ်သလို အမြန်ဆုံး မဖြေရှင်းဘဲ အချိန်ဆွဲထားမှုကြောင့် အရပ်ဘက် စစ်ဘက် ဆက်ဆံရေးကို ထိခိုက်လာစေသည်ရှိသော် ဖက်တွယ်နေသူများတွင်သာ တာဝန်ရှိမည် ဖြစ်သဖြင့် တပ်မတော်မှ တပ်မြေအဖြစ် သိမ်းဆည်းမှုနှင့်စပ်လျဥ်း၍ တပ်မတော်၏ ရပ်တည်ချက် တစ်နည်းအားဖြင့် ကာကွယ်ရေးဦးစီးချုပ်၏ မူဝါဒ(၃)ချက်အား အများပြည်သူသိရှိအောင် သဘောပေါက်အောင် ဖြေကြားရှင်းလင်းပေးစေလိုပါသည်ဆိုတဲ့ မေးခွန်းလေးကို မေးထားပါတယ်။ ဒီမေးခွန်းကို အများပြည်သူ ရခိုင်တိုင်းရင်သားများ အကျိုးငှာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးက တစ်ဆင့် လေးစားစွာဖြင့် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

တပ်မြေတိုးချဲ့ရန် သိမ်းဆည်းထားသော (၃၅.၅၃)ဧကတွင် ဟိုတယ်များ ဆောက်လုပ်ထားပုံ(ဒ)



တပ်မြေတိုးချဲ့ရန်  သိမ်းဆည်းထားသော (၃၅.၅၃)ဧကတွင် ဟိုတယ်များ ဆောက်လုပ်ထားပုံ(ဒ-၁)




တပ်မြေတိုးချဲ့ရန်  သိမ်းဆည်းထားသော (၃၅.၅၃)ဧကတွင် ဟိုတယ်များ ဆောက်လုပ်ထားပုံ(ဒ-၂)



**ဥက္ကဋ္ဌ**။ ။ Power Point ထိုးဦးမှာလား။

**တပ်သိမ်းမြေများအနက် လုံခြုံရေးနှင့် လိုအပ်ချက်အရ တပ်မတော်မှ ပြန်လည်စွန့်လွှတ်ရန် မဖြစ်နိုင်သော လယ်ယာမြေများအတွက် စိုက်ပျိုးစရိတ် ချေးငွေရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က တပ်သိမ်းမြေများအနက် လုံခြုံရေးနှင့် လိုအပ်ချက်အရ တပ်မတော်မှ ပြန်လည်စွန့်လွှတ်ရန် မဖြစ်နိုင်သော လယ်ယာမြေများအတွက် စိုက်ပျိုးစရိတ် ချေးငွေရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများနှင့် ကော်မရှင်အဖွဲ့ဝင်များ ကျက်သရေမင်္ဂလာ အဖြာဖြာနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

ကျွန်တော် တင်ပြမေးမြန်းလိုတဲ့ မေးခွန်းကတော့ တပ်သိမ်းမြေများအနက် လုံခြုံရေးနှင့် လိုအပ်ချက်အရ တပ်မတော်မှ ပြန်လည်စွန့်လွှတ်ရန် မဖြစ်နိုင်သော လယ်ယာမြေများအတွက် စိုက်ပျိုးစရိတ် ချေးငွေရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ တပ်မတော်ရဲ့ လိုအပ်ချက်အရ သိမ်းယူထားပြီး ပြန်လည်စွန့်လွှတ်ရန် မဖြစ်နိုင်တဲ့ လယ်ယာမြေတွေမှာ မူလတောင်သူများအား သီးစားခမယူဘဲ လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုထားတဲ့အတွက် တောင်သူများဟာ ဝမ်းသာကြရပါတယ်။ သို့သော်လည်းပဲ တပ်ပိုင်မြေဖြစ်သွားတဲ့အတွက် ပုံစံ(၇) ထုတ်ယူတဲ့အခါမှာ ပုံစံ(၇) ရယူခြင်းမရှိတဲ့ အတွက်ကြောင့် စိုက်ပျိုးစရိတ်ချေးငွေလည်း မရပါဘူး။ သူတို့ဟာ အသိမ်းပိုက်ခံလယ်ယာမြေများမှာ တောင်သူတွေဟာ စိတ်ကြိုက်သီးနှံကို စိုက်ပျိုးနိုင်ပြီး၊ နှစ်သက်ရာ ဈေးနှုန်းနဲ့ ရောင်းချနိုင်တယ်။ သီးစားခလည်း မပေးရဘူး၊ မိမိတို့ရဲ့ သားသမီးတွေကိုလည်း ဆက်လက်လွှဲပြောင်းလုပ်ကိုင်စေနိုင်တဲ့ အခွင့်အရေး ရှိတဲ့အတွက်ကြောင့် ပုံစံ(၇) ရပြီးသကဲ့သို့ သူတို့ဟာ ခံစားနေရပါတယ်။

သို့သော်လည်းပဲ စိုက်/ဘဏ်က ချေးငွေ မရတာတစ်ခုလေးပဲ ခြွင်းချက်အဖြစ် ကျန်ရှိနေတာ ဖြစ်ပါတယ်။ မြေပိုင်ဆိုင်မှုကတော့ သက်ဆိုင်ရာနယ်မြေခံ တပ်ရင်းတပ်ဖွဲ့မှာ ရှိနေတဲ့အတွက်ကြောင့် တရားဝင်မြေပိုင်ဆိုင်တဲ့ နယ်မြေခံတပ်အနေနဲ့ မိမိတပ်ဧရိယာအတွင်းမှာ ခွင့်ပြုချက်နဲ့ အခမဲ့ အလုပ်လုပ်နေကြတဲ့ လယ်ယာမြေလုပ်ကိုင်နေကြတဲ့ တောင်သူများအတွက် တာဝန်ခံပြီးတော့ စိုက်/ဘဏ်မှဖြစ်စေ၊ ဦးပိုင်လီမိတက် မြဝတီဘဏ်မှဖြစ်စေ ပုံစံ(၇)ရှိ တောင်သူများနည်းတူ စိုက်ပျိုးစရိတ်ချေးငွေ ရယူဆောင်ရွက်ပေးနိုင်မည်ဆိုလို့ရှိရင် တပ်နှင့်ပြည်သူ မြဲကြည်ဖြူ အစဉ်ထာဝရ လက်တွဲကြ ဆိုတဲ့ ဆောင်ပုဒ်နှင့် ပိုမိုညီညွတ်သွားလိမ့်မည်ဟု ယုံကြည်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးရခြင်း

ဖြစ်ပါတယ်။ သစ်တောဝန်ကြီးဌာနအနေနဲ့လည်း သစ်တောဧရိယာအတွင်းမှာ ကျရောက်သွားတဲ့ Community Forest ဆိုပြီးတော့ လုပ်တဲ့လယ်ယာမြေတွေကိုလည်း သစ်တောကနေ ချေးငွေတွေ ရရှိအောင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ကြားသိရပါတယ်။

ဒါကြောင့်မို့လို့ တပ်သိမ်းမြေများ အတွင်းမှာ ပါဝင်သွားတဲ့ မြေများကို မူလလုပ်ကိုင်နေတဲ့ တောင်သူများကို ပုံစံ(၇)လက်ဝယ်ရှိနေတဲ့ နယ်မြေခံတပ်ရင်းအနေနဲ့ တာဝန်ခံပြီးတော့ ကိုယ့်နယ်တပ်ဧရိယာထဲမှာ လာလုပ်နေတဲ့ လယ်သမားတွေကို စိုက်ပျိုးစရိတ် ချေးငွေ တာဝန်ခံပြီးတော့ ချေးပေးမယ် ဆိုရင် အတိုင်းထက်အလွန် ဝမ်းသာကျေနပ်မိမှာ ဖြစ်တဲ့အတွက်ကြောင့် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၅။**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပြီးတော့ ကာကွယ်ရေးဝန်ကြီးရဲ့ ကိုယ်စား ဖြေကြားသွားမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၂)ဦး ဖြစ်တဲ့ ဒေါက်တာအေးမောင် နဲ့ ဦးလှဆွေ ရဲ့ မေးခွန်းတွေကို ဖြေကြားသွားမှာပဲ ဖြစ်ပါတယ်။

မေးခွန်းများမေးမြန်းတဲ့အတွက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် ကို ကျေးဇူးတင်ရှိကြောင်း တင်ပြအပ်ပါတယ်။ တပ်မတော်ရဲ့ သိမ်းဆည်းမြေများနဲ့ ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အတတ်နိုင်ဆုံးလည်း နားလည်မှုရှိစွာ ဖြေကြားပေးလျက်ရှိပါတယ်။ ပြည်သူလူထုရဲ့ဆန္ဒများကိုလည်း တပ်မတော်ပိုင်း၊ ဝန်ကြီးဌာနပိုင်း အနေနဲ့လည်း အလေးထား လုပ်ဆောင်ပေးလျက်ရှိပြီးတော့ လက်ရှိလည်း အချို့မြေများကိုလည်း ပြန်လည်စွန့်လွှတ်ရန်အတွက်လည်း ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပြန်လည်စွန့်လွှတ်မြေများနဲ့ပတ်သက်ပြီးတော့လည်း သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနဲ့လည်း ညှိနှိုင်းဆောင်ရွက် ပေးလျက် ရှိပါတယ်။

ယနေ့ ဒေါက်တာအေးမောင် ရဲ့မေးခွန်းနဲ့ ပတ်သက်လို့ လက်ရှိ (၃၅)ဧကကျော်ဟာ ဦးပိုင်တို့၊ MEC တို့ လက်ရှိလုပ်ကိုင်တဲ့ ပိုင်ဆိုင်မှုမြေများလည်း မဟုတ်ပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ မေးခွန်းမှာလည်း အပြည့်အစုံ ဖြေကြားပေးထားတာ ဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်လို့ ထပ်မံလည်း ဖြေကြားရန် ရှိနိုင်မှာမဟုတ်ပါကြောင်း ဦးစွာပထမ ဖြေကြားအပ်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအေးမောင် ရဲ့ မေးခွန်းနဲ့ ပတ်သက်လို့ သံတွဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ တောင်သူ (၆၆)ဦး၏ ဥယျာဉ်ခြံမြေ (၃၅.၅၃)ဧက ကို တပ်မြေတိုးချဲ့ရန် သိမ်းဆည်းထားခြင်းနှင့်စပ်လျဉ်းပြီး မေးမြန်းသွားတာပဲ

ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ဖြေကြားရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ် မေးခွန်းမှာ ပါတဲ့မြေများဟာ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဇီးဖြူကုန်းကျေးရွာ ကွင်းအမှတ်(၂၀၁)၊ (၂၀၂) ကွမ်းခြံကုန်း ရှိ မြေ(၃၅.၅၃)ဧကကို ၁၉၉၄ ခုနှစ်၊ ပင်လယ်ကမ်းရိုးတန်း လုံခြုံရေးအတွက် အမှတ်(၅၅) ခြေလျင် တပ်ရင်း တိုးချဲ့တပ်ပိုင်နယ်အဖြစ် သိမ်းဆည်းရေး စတင်ဆောင်ရွက်ခဲ့ရာမှ ၁-၈-၁၉၉၆ ရက်နေ့မှာ ကျင်းပတဲ့ ကာကွယ်ရေးဌာန အဆောက်အဦကော်မတီရဲ့ (၆၄၀)ကြိမ်မြောက် အစည်းအဝေးမှာ အတည်ပြုပေးခဲ့ပါတယ်။

အမှတ်(၅၅) ခြေလျင်တပ်ရင်းရဲ့ တိုးချဲ့တပ်ပိုင်မြေ (၃၅.၅၃)ဧက သိမ်းဆည်းရာမှာ ပါဝင်ခဲ့တဲ့ ဦးပိုင်ပေါက် တောင်သူ (၆၁)ဦးကိုလည်း ၁၃-၁၁-၂၀၀၀ ရက်မှ ၃၁-၁-၂၀၀၁ ရက်နေ့အထိ (၆၀ x ၄၀) အိမ်ခြံမြေကွက်များကို အစားထိုးပေးခြင်း၊ မြေနှင့် သီးနှံလျော်ကြေးငွေ စုစုပေါင်း (၃၀.၅၇)သိန်းကိုလည်း ပေးလျော်ခဲ့ခြင်း ဆောင်ရွက်ရာမှာ တောင်သူ(၃၇)ဦးမှ လျော်ကြေးငွေ(၁၉.၁၀၆)သိန်းကိုသာ ထုတ်ယူခဲ့ သော်လည်း တောင်သူ(၂၉)ဦးမှာ လွှတ်တော်ကိုယ်စားလှယ် တင်ပြသလိုပဲ လျော်ကြေးငွေ (၁၁.၄၆၅၅၂) သိန်း လာရောက်ထုတ်ယူခြင်း မရှိဘူး။ အကြိမ်ကြိမ် အကြောင်းကြားသော်လည်း လာရောက်ထုတ်ယူခြင်း မရှိတဲ့အတွက် ယာယီအနေဖြင့် ရိုးမဘဏ် (စစ်တွေ)ကို အပ်နှံခဲ့ပြီးတော့ နောက်ပိုင်းမှာတော့ ငွေများကို မြန်မာ့စီးပွားရေးဘဏ်ကို လွှဲပြောင်းအပ်နှံခဲ့ပါတယ်။

အမှတ်(၅၅) ခြေလျင်တပ်ရင်းရဲ့ တိုးချဲ့တပ်ပိုင်မြေ (၃၅.၅၃)ဧကကို ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၉ ရက်စွဲပါစာအမှတ်၊ ၂၀၀/၂-၄/ဦး ၁ ဖြင့် (၃၀.၆၅)ဧကကိုလည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ ၉ ရက်စွဲပါစာအမှတ်၊ ၂၀၀/၂-၅/ဦး ၁ ဖြင့် (၄.၈၈)ဧကကိုလည်းကောင်း အသီးသီး မြေပေး မိန့်များ ရရှိခဲ့ပြီး တိုင်းစစ်ဌာနချုပ်မှ လုံခြုံရေးတပ်ဖွဲ့များ ထားရှိ၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ၂၀၀၆ ခုနှစ်မှာတော့ ရခိုင် ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငပလီကမ်းခြေ သန့်ရှင်းသာယာလှပရေး၊ ဒေသတွင်း စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အတွက် ဝင်ငွေရရှိရေးအတွက် ဟိုတယ်များ ဆောက်လုပ်ရန် စီမံဆောင်ရွက်ခဲ့သဖြင့် ၈-၈-၂၀၀၇ ရက်နေ့မှာ ကျင်းပပြုလုပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ကုန်သွယ်မှု မူဝါဒကောင်စီ အစည်းအဝေး အမှတ်စဉ် (၂၅/၂၀၀၇) ဆုံးဖြတ်ချက်အရ ကုမ္ပဏီများသို့ မြေနေရာများငှားရမ်းပြီး ဟိုတယ်များ ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

၂၀၀၇ ခုနှစ်မှစပြီး အဆိုပါ ဟိုတယ်များ၏ မြေငှားရမ်းခ ရရှိငွေများကို ယနေ့အထိ မည်သည့် အဖွဲ့အစည်းအတွက်မျှ ရယူသုံးစွဲခဲ့ခြင်း မရှိဘဲ နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းဆောင်ရွက်လျက် ရှိပါတယ်။ အဆိုပါမြေ(၃၅.၅၃)ဧကကို အောက်ပါအတိုင်း ခွဲဝေငှားရမ်း ဆောင်ရွက်ခဲ့ပါတယ်။ ငှားရမ်း ထားတဲ့ ဟိုတယ်များအနက် ဟိုတယ် (၄)ခုမှာ ဆောက်လုပ်ရေးကာလများ ပြီးစီး၍ ဖွင့်လှစ်ပြီး ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ ကျန်ဟိုတယ် တစ်ခုမှာလည်း တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်ရာမှာ လက်ရှိ (၂၀)ရာခိုင်နှုန်းကျော် ပြီးစီးပြီ ဖြစ်ပါတယ်။ ကုမ္ပဏီများအနေနဲ့ တင်ပြရင် မင်းဇာနည်ကုမ္ပဏီ မြေ (၆.၆၁)ဧက၊ ဒေင်ကုမ္ပဏီ မြေ (၆.၆၁)ဧက၊ Fortune ကုမ္ပဏီ မြေ (၅.၆၅)ဧက၊ Max Myanmar ကုမ္ပဏီ မြေ (၁၁.၃၀)ဧက၊ Amazing ကုမ္ပဏီ မြေ(၄.၄၃)ဧကနဲ့ ကားလမ်းနှင့် အများပြည်သူများ အပန်းဖြေရန် (၀.၉၃)ဧက စုစုပေါင်း မြေ (၃၅.၅၃) ဧက ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

တပ်မြေသိမ်းဆည်းရေးနှင့် စပ်လျဥ်းပြီး တပ်မတော်၏ ရပ်တည်ချက် မေးခွန်းများနဲ့ ပတ်သက်ပြီး ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့ မြဝတီသတင်းစာမှာ ဖော်ပြချက်များကို တင်ပြရမယ်ဆိုရင် (ကက) နိုင်ငံတော်သမ္မတရဲ့ မြေယာမူဝါဒလမ်းညွှန်ချက်များနဲ့ ပတ်သက်လို့ တပ်မတော်မှ တပ်တည်ဆောက်ရန် တပ်ပိုင်မြေ အဖြစ် သိမ်းဆည်းထားသည့် မြေများတွင် အရပ်သားများအား သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်းများ လုံးဝ မပြုလုပ်ရန်၊ (ခခ) တပ်ဌာနချုပ်များရဲ့ လုံခြုံရေးလိုအပ်ချက်များနှင့် လေ့ကျင့်ရေး လိုအပ်ချက်တို့အတွက် အမှန်တကယ် လိုအပ်သည့် အနည်းဆုံးမြေဧရိယာ အကျယ်အဝန်းကိုသာ တိုင်းထွာ တွက်ချက်ရယူဆောင်ရွက်သွားရန်၊ (ဂဂ) နိုင်ငံတော်အတွင်းနေရာအနှံ့အပြားနှင့် လွှတ်တော်အသီးသီးတို့တွင် သိမ်းဆည်းခံထားရသည့် မြေယာများ ပြန်လည်ရရှိရေးနှင့် ပတ်သက်ပြီး နည်းမျိုးစုံဖြင့် တောင်းဆိုမှုများ ဆောင်ရွက်နေရသဖြင့် တပ်များအနေနဲ့ အမှန်တကယ် လိုအပ်သည့် မြေဧရိယာ အကျယ်အဝန်းကိုသာ ရယူပြီး ကျန်မြေပိုများကိုလည်း မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်သွားရန် ဆိုပြီးတော့ လမ်းညွှန်ထားပါတယ်။

နောက်တစ်ပိုင်းကတော့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရဲ့ တပ်ဌာနချုပ် ပြင်ပမြေများနဲ့ ပတ်သက်ပြီးတော့ လမ်းညွှန်ချက် ရှိပါတယ်။ အဲဒါတွေကို တင်ပြရမယ်ဆိုရင် (ကက) တပ်မြေများကို စတင်သိမ်းယူစဥ် လယ်၊ ယာ၊ စိုက်ခင်းများ ပါဝင်ခဲ့ပြီး ယခုတိုင်ကြားစာများတွင် တင်ပြလာပါက မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ရန် ဖြစ်ပါတယ်။ (ခခ) တပ်မြေ သိမ်းယူခဲ့ပြီး နောက်ပိုင်းတပ်၏ ခွင့်ပြုချက်အရ တောင်သူများမှ မြေရှင်းစိုက်ပျိုးခဲ့ခြင်း၊ တပ်များအား သီးနှံများ ပေးသွင်းခဲ့ခြင်း အပါအဝင် သီးစားချခဲ့သော မြေများဖြစ်ပါက အဆိုပါ တောင်သူများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပေးအပ်ရန် ဖြစ်ပါတယ်။ (ဂဂ) တပ်ပိုင်မြေများပေါ်တွင် တောင်သူနှင့် ဖက်စပ်အကျိုးတူ ပူးပေါင်းလုပ်ကိုင်ခဲ့ပြီး ရရှိသောအကျိုးအမြတ်အား တစ်ဝက်စီ ခွဲဝေယူခဲ့သော မြေများဖြစ်ပါက ဆက်လက်စိုက်ပျိုးနိုင်ရေး နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်သွားရန် ဆိုပြီးတော့ ဖြစ်ပါတယ်။

တပ်မတော်၏ မြေယာများ ပြန်လည်စွန့်လွှတ်ခြင်း နိုင်ငံတော်သမ္မတ မူဝါဒနှင့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ရဲ့ မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ တပ်မတော် အနေနဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ မြေအသုံးချစီမံခန့်ခွဲရေးကော်မတီများသို့ မြေဧက (၂၀၈၆၄၉.၄၈) ဧကကို ပြန်လည်အပ်နှံပေးခဲ့ပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် မြေအသုံးချမှု စီမံခန့်ခွဲရေး ကော်မတီများမှလည်း သက်ဆိုင်ရာ တောင်သူများကို စနစ်တကျ လွှဲပြောင်းပေးလျက်ရှိပါတယ်။

ယခု အမှတ်(၅၅)ခြေလျင်တပ်ရင်းမှ သိမ်းယူထားသော မြေ (၃၅.၅၃)ဧကဟာ ၁၉၉၄ ခုနှစ်၊ မြေသိမ်းလုပ်ငန်းများ စတင်ဆောင်ရွက်သိမ်းဆည်းရာတွင် ပါဝင်သည့် ဦးပိုင်ပေါက် တောင်သူ (၆၆)ဦးအား ၂၀၀၀ ခုနှစ်မှစတင်၍ အိမ်ခြံမြေကွက်များ အစားထိုးပေးခြင်းနှင့် မြေနှင့် သီးနှံလျော်ကြေးငွေများ ပေးအပ်ခဲ့ပြီး ဖြစ်ခြင်း၊ ၂၀၀၀ ခုနှစ်တွင် ပြည်ထဲရေးအမိန့်မှ မြေပေးမိန့် ရရှိခြင်း၊ ၂၀၀၆ ခုနှစ်မှာ ဒေသဖွံ့ဖြိုးရေးတို့အတွက် ဟိုတယ်လုပ်ငန်းများ လုပ်ကိုင်ရန် နှစ်ရှည် ငှားရမ်းခဲ့ပြီး ဟိုတယ်များ ကိုလည်း ဆောက်လုပ်ဖွင့်လှစ်ပြီးဖြစ်ခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဥ် မရှိပါ ကြောင်းနှင့်

ကာကွယ်ရေးဝန်ကြီးဌာနမှ မြေယာများ ပြန်လည်စွန့်လွှတ်ခြင်းနှင့် ပတ်သက်သည့် မူဝါဒများ ကိုလည်း မြဝတီသတင်းစာများမှာ ထည့်သွင်းဖော်ပြလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းများနဲ့ပတ်သက်လို့ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါ တယ်။ တပ်ပိုင်မြေများအနက် လုံခြုံရေးနှင့် လိုအပ်ချက်အရ တပ်မတော်မှ ပြန်လည်စွန့်လွှတ်ရန် မဖြစ်နိုင်သော လယ်ယာမြေများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ရရှိရေးဆောင်ရွက်ပေးရန် အစီ အစဉ် ရှိ/မရှိနဲ့ ပတ်သက်လို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် တပ်ပိုင်မြေအတွင်း အခမဲ့ စိုက်ပျိုးလုပ်ကိုင်ခွင့် ပြုထားသူများအား မြဝတီဘဏ်နှင့် အင်းဝဘဏ်တို့မှ စိုက်ပျိုးစရိတ်ချေးငွေများအား ထုတ်ချေးပေး မည်ဖြစ်ပြီး အောက်ဖော်ပြပါ အထောက်အထားများဖြင့် တင်ပြသွားရမှာ ဖြစ်ပါတယ်။ (၁) စိုက်ပျိုးစရိတ် ချေးငွေယူမည့် တောင်သူများအနေဖြင့် သက်ဆိုင်ရာ တပ်ရင်း/တပ်ဖွဲ့၏ တပ်ပိုင်မြေအတွင်း အခမဲ့ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုပေးသည်မှာ မှန်ကန်ကြောင်း ထောက်ခံချက် ရှိရပါမယ်။ (၂) သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် ပါရှိရပါမယ်။ (၃) စိုက်ပျိုးစရိတ်ရယူမှုအတွက် အာမခံအဖြစ် ပိုင်ဆိုင်မှုတစ်ခုခု၊ သို့မဟုတ် အာမခံထားရှိရန်အတွက် အခက်အခဲရှိပါက သက်ဆိုင်ရာ တပ်ရင်း/တပ်ဖွဲ့မှ သတ်မှတ် ကာလအတွင်း ချေးငွေပြန်လည်ပေးဆပ်မည်ဖြစ်ကြောင်း ထောက်ခံချက် ပါရှိရပါမယ်။ အဲဒါပါရှိရင် ကျွန်တော် တင်ပြတဲ့ စာပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃) အတိုင်းပါရှိမယ်ဆိုရင် ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်ပါ ကြောင်း တင်ပြရင်း ကျွန်တော်ရဲ့တင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒေါက်တာအေးမောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကို အနည်းငယ် မေးမြန်းလိုပါတယ်။ အမှန်က ဝန်ကြီး၊ ဒုတိယဝန်ကြီးတွေအဆို အကုန်လုံးဟာ နိုင်ငံရေး Post တွေပါ။ ကျွန်တော်တို့ ပြဿနာတစ်ခုကို စဉ်းစားတဲ့အခါမှာ ပြည်သူလူထုနဲ့ အစိုးရ၊ ပြည်သူလူထု နဲ့ တပ်မတော် အင်မတန်အရေးကြီးတဲ့ကဏ္ဍကို ဦးထိပ်ထားပြီးမှ စဉ်းစားဖြေရှင်းသင့်တဲ့ဥစ္စာ ဆိုတာမျိုးဟာ နိုင်ငံရေး Post ကို ကိုင်တဲ့လူတိုင်းမှာ ရှိအပ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ တင်ပြတာ အဲဒါပါ။ ပြီးခဲ့တဲ့ကိစ္စတစ်ခု ပြီးခဲ့တယ်။ ဒါပေမဲ့ ဥပဒေအရ ဟုတ်သလား။ ဥပမာ ကျွန်တော်တို့ရဲ့ နိုင်ငံသားမူလအခွင့်အရေး ကော်မတီ က တင်ပြတာကို ဘဏ္ဍာရေး နှင့် ဥပဒေရေးရာကော်မရှင်က ပြန်သုံးသပ်တဲ့အခါမှာ စုံစမ်းစစ်ဆေးရေးကော်မတီ၏ သုံးသပ်တင်ပြချက် အရ ခ.လ.ရ (၅၅) တပ်မြေတိုးချဲ့ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါမြေကို သိမ်းဆည်းခဲ့သော်လည်း တပ်မြေ အတွက် မသုံးဘဲ ဟိုတယ်လုပ်ငန်းအတွက် အသုံးပြုခဲ့ခြင်းမှာ မည်သည့်အက်ဥပဒေ Land legislation ပုဒ်မ ၄ နဲ့ ၆ တို့ပါ ပြဋ္ဌာန်းချက်များနဲ့ ညီညွတ်မှု မရှိပါ။ ပွင့်ပွင့်လင်းလင်းတင်ပြရလို့ရှိရင် ဒါဟာ ဥပဒေ အရ မြေကိုသိမ်းတယ်။ မြေသိမ်းစဉ်တုန်းက ကနဦးရည်မှန်းချက်ကို အကောင်အထည်မပေါ်ဘူးဆိုရင် မြေသိမ်းဖို့အတွက် အမိန့်ပေးတဲ့ အဖွဲ့အစည်း ရှိပါတယ်။ သိမ်းဆည်းရတဲ့ အဖွဲ့အစည်း ရှိပါတယ်။ သိမ်းဆည်းရတဲ့ အဖွဲ့အစည်းဟာ အမိန့်ပေးတဲ့ အဖွဲ့အစည်းရဲ့ မူလရည်မှန်းချက် ပျက်ပြယ်ပြီဆိုတာနဲ့

ပြန်သိမ်းပြီးမှ ကနဦးပိုင်ရှင်ကို ပြန်ပေးဖို့တာဝန်သည် သိမ်းဆည်းခဲ့တဲ့ အဖွဲ့အစည်းဖြစ်တဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မှာ ရှိပါတယ်။ ဒီတာဝန်ကို အပြန်အလှန် သုံးသပ်ပေးဖို့ လိုပါတယ်။

အခု ဗိုလ်ချုပ်ဦးကျော်ညွန့် ဖြေတဲ့ကဏ္ဍမှာ တပ်မတော်ဘက်ကလည်း မဟုတ်ဘူး။ ခုနက ကုန်သွယ်မှုမူဝါဒကောင်စီရဲ့ သုံးသပ်ချက် အစည်းအဝေးဆုံးဖြတ်ချက် ၂၅/၂၀၁၇ အရ နိုင်ငံတော်က သိမ်းဆည်းတဲ့သဘော ဖြစ်သွားပြန်ပါတယ်။ အဲဒီတော့ နိုင်ငံတော်က သိမ်းဆည်းတဲ့သဘော ဖြစ်သွား တယ် ဆိုရင် နိုင်ငံတော်သမ္မတကြီးအနေနဲ့ လုံလောက်တဲ့ နိုင်ငံတော်သမ္မတရုံးက တာဝန်ရှိတဲ့ပုဂ္ဂိုလ် တစ်ဦးကို ဖြေကြားဖို့လွှတ်ပေးစေလိုပါတယ်။ တပ်မတော်နဲ့ မပတ်သက်၊ မစပ်ဆိုင်တဲ့ ကိစ္စဖြစ်တဲ့အခါမှာ ခ.လ.ရ (၅၅) မူလသိမ်းစဉ်အခါတုန်းက ရည်မှန်းချက်ကို အကောင်အထည် မဖော်ခဲ့တာမို့လို့ ပြန်ပြီး တော့ ဒီမြေကို နိုင်ငံတော်ပိုင်မြေအဖြစ် ပြန်ပြီးအပ်နှံပေးဖို့ လိုအပ်ပါတယ်။

အဲဒီနိုင်ငံတော်ပိုင်မြေကို ပြန်လည်စိစစ် စီမံခန့်ခွဲတဲ့အခါမှာ တည်ဆဲဥပဒေများပါအတိုင်း မူလပိုင်ရှင်များကို ကနဦး ပြန်စဉ်းစားပေးဖို့နဲ့ နိုင်ငံတော်ရဲ့ ခုနကလို ဆက်ဆံရေးအားလုံးကို နိုင်ငံရေး မူဝါဒတစ်ရပ်အနေနဲ့ အပြန်အလှန် သုံးသပ်ပြီးမှ လက်ရှိတင်းမာနေတဲ့ ကဏ္ဍအားလုံးကို ပြေငြိမ်းသွား အောင်၊ ပြီးခဲ့တဲ့ကာလ ခေတ်နဲ့ အခုကာလ ခေတ်ကြားမှာ၊ နောင်လာမယ့် ခေတ်ကြားမှာ ရှိနေတဲ့ လက်ရှိ အစိုးရမှာ အင်မတန် တာဝန်ကြီးကြီးမားမား ရှိပါတယ်ဆိုတာကို တင်ပြရင်းနဲ့ မိဘပြည်သူများရဲ့ အကျိုး ငှာ ရခိုင်ပြည်နယ် တစ်ခုတည်းတင်မဟုတ်ဘူး၊ ကျန်တဲ့ဒေသ အားလုံးမှာ ရှိတဲ့ လယ်ယာမြေ အထူးသဖြင့် ဆင်းရဲနွမ်းပါးဆုံးဖြစ်တဲ့ လယ်သမားတွေရဲ့ ပြဿနာနဲ့ ထိတွေ့နေတဲ့ ကဏ္ဍတွေအားလုံးကို အပြန်အလှန် သုံးသပ်ပြီးမှ နိုင်ငံရေး ရည်မှန်းချက်ရှိရှိ ပြည်သူနဲ့ ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်ပေးပါလို့ တင်ပြမေတ္တာရပ်ခံပါတယ်။ အဓိကကတော့ နိုင်ငံတော် သမ္မတကြီး ကို တင်ပြတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လယ်ယာမြေနဲ့ အခြားမြေများကိစ္စနဲ့ပတ်သက်လို့ စုံစမ်းတဲ့အခါမှာ အမှန်တကယ် နစ်နာခြင်း ရှိ/မရှိ ဆိုတာ ဦးတည်ပြီးတော့ စုံစမ်းဖို့လိုပါတယ်။ အမှန်တကယ် နစ်နာတယ်၊ ဒီနေ့ ဖြစ်ပေါ်နေတဲ့ပေါက်ဈေးနဲ့ ပေးလျော်သင့်တယ်ဆိုရင် ဘတ်ဂျက်မှာ ထည့်တောင်းလိုက်လို့ရ ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ဒါကို ကန့်ကွက်မယ် မထင်ပါဘူး။ ဒါတွေနဲ့ပတ်သက်လို့။ ဘတ်ဂျက် မှာ ထည့်တောင်းပြီးတော့ ခုနက ဟိုတယ်တွေကို ငှားတာ၊ နိုင်ငံတော်ဘဏ္ဍာ ဝင်သွားပြီဆိုရင် နိုင်ငံတော် ဘဏ္ဍာကပဲ ပြန်ပြီးတော့ တင်တောင်းပြီးတော့မှ ပြန်ပေးလျော်လိုက်တယ် ဆိုလို့ရှိရင် ဒီဥစ္စာ တွေဟာ လွယ်လွယ်ကူကူလေးပဲ။ ဘာမှခဲခဲယဉ်းယဉ်းမရှိပါဘူး။ ဒီမူလေး ကိုင်ထားပြီးတော့မှ ဒေါက်တာအေးမောင် ပြောသလိုပေါ့။ ပြဿနာကို ဖြေရှင်းတဲ့အခါမှာ နိုင်ငံတော်နဲ့ ပြည်သူနဲ့ ကြားထဲမှာ ပြေလည်သွားအောင် အဖုအကျိတ် ဆိုတာ မရှိအောင် ဦးတည်ချက်နဲ့ ဆောင်ရွက်ဖို့ လိုတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ သဘောထားက ဒီအတိုင်းပဲ ရှိမယ်ထင်ပါတယ်။ ဘတ်ဂျက်နဲ့ တင်တောင်း၊ တင်တောင်းပြီးတော့ လျော်ပေးလိုက်ပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ယူဖို့လည်း မဟုတ်ပါဘူး။ အဲဒီနစ်နာသူတွေ၊ အမှန် တကယ်သာ နစ်နာတယ်ဆိုလို့ရှိရင် နစ်နာသူတွေရအောင် အမှန်တကယ် နစ်နာခြင်း ရှိ/မရှိ။ အမှန် တကယ် ပိုင်ဆိုင်ခဲ့ခြင်း ရှိ/မရှိ စုံစမ်းပါ။ ကြိုက်သလို စုံစမ်း။ နစ်နာပြီ ဆိုလို့ရှိရင်တော့ ဒီနေ့ ပေါက်ဈေး နဲ့ပဲဖြစ်ဖြစ် ဖြစ်သင့်ဖြစ်ထိုက်တဲ့လျော်ကြေးကို ဘတ်ဂျက်နဲ့ ဖြေရှင်းပေးရင် လွယ်လွယ်ကူကူ ပါပဲ။ ဒါဟာ

ကိုယ့်အိတ်ထဲက စိုက်စရာလည်းမလိုဘူး။ ကိုယ့်ဌာနက စိုက်စရာလည်းမလို။ ပြည်သူ့ငွေနဲ့ပဲ ပြန်ပြီးတော့ လျော်ကြေးပေးရတဲ့ သဘော ဖြစ်ပါတယ်။

အဲဒီတော့ ပြဿနာတွေ ပြေလည်သွားအောင် ဖြေရှင်းတဲ့အခါမှာ ပြေလည်စေချင်တဲ့စိတ်၊ စေတနာလေးနဲ့ ဆောင်ရွက်ဖို့ မေတ္တာရပ်ခံလိုပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၄ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၉ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၉။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမြန်လမ်းမကြီး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား အသိပေးတင်ပြခြင်း

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော အမြန်လမ်းမကြီး ဥပဒေကြမ်းကို ၄-၂-၂၀၁၅ ရက်နေ့တွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က အဆိုတင်သွင်းပြီး ၁၀-၂-၂၀၁၅ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမြန်လမ်းမကြီး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အမြန်လမ်းမကြီး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်က ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၂-၃-၂၀၁၅ ရက် (ကြာသပတေးနေ့)ထက် နောက် မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၄။**

**ဗိုလ်မှူးကြီးခင်စိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ကိုယ်စားလှယ်များ၊ အစည်းအဝေးကို တက်ရောက်လာတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးကြီးခင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို ပြန်လည် ဖတ်ကြား တင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅- ၁၁၄
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးနိုင်ပါရန် ၂၁-၁-၂၀၁၅ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ၆-၂-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၁၆-၂-၂၀၁၅ ရက်နေ့၌ ကျင်းပပြုလုပ်သော အမျိုးသားလွှတ်တော် အစည်းအဝေး၌

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)က အကြံပြုဆွေးနွေးခဲ့ပါသည်။ အဆိုပါ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာမှုပြုလုပ်ရန် လွှတ်တော်ဥက္ကဋ္ဌက ညွှန်ကြားခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်း ကော်မတီသည် ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း၊ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၉-၂-၂၀၁၅ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို ပြန်လည်လေ့လာစိစစ်ရာ အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်းတစ်ရပ်လုံးတွင်ပါရှိသော လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်) ဆိုသည့်စကားရပ်ကို လက်မှတ်ရစာရင်းကိုင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) ဆိုသည့်စကားရပ်ကို လက်မှတ်ရပြည်သူ့ စာရင်းကိုင် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပိုမိုပြည့်စုံ မှုရှိစေရန်အတွက် အပိုဒ် ၂၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားအဆင့်ရှိ မြန်မာနိုင်ငံ စာရင်းကောင်စီကိုဆိုသည်။ ကောင်စီသည် စာရင်းပညာ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ် များအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည် ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၂၊ အပိုဒ်ခွဲ(ဋ)ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား စာရင်းပညာရှင် ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သို့မဟုတ် နိုင်ငံခြားစာရင်းပညာဘွဲ့၊ စာရင်းပညာရှင်လက်မှတ် တစ်ခုခုရရှိထားသည့် နိုင်ငံသားအား ကောင်စီက လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် စိစစ်ခွင့်ပြုထားသူ သို့မဟုတ် နိုင်ငံခြားသား စာရင်းပညာရှင်အား ကောင်စီက လက်မှတ်ရပြည်သူ့ စာရင်းကိုင်အဖြစ် စိစစ် ခွင့်ပြုထားသူကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲ(ထ) တွင် ဖော်ပြထားသော စကားရပ်များအစား အသင်းဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထား သည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်း အသင်းကို ဆက်ခံသည့် အဖွဲ့အစည်းကိုဆိုသည်။ အသင်းသည် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များကို ကိုယ်စားပြုသည့် စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့် အဖွဲ့အစည်းဖြစ်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မူလဥပဒေကြမ်း အပိုဒ် ၇၇၊ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၆၇၊ အပိုဒ်ခွဲ(စ) ဟု ပြင်ဆင်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဤဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဍ)ပါ လုပ်ငန်းများကို စာရင်းလုပ်ငန်းလုပ်ကိုင်သူ မဟုတ်သူများနှင့် တွဲဖက်ဖွဲ့စည်းဆောင်ရွက်

ခြင်းဟု ပြင်ဆင်သင့်ကြောင်းနှင့် အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဈ)ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်များ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ အဖွဲ့ဝင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ထပ်မံပြင်ဆင်ဖြည့်စွက်ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့်အတူ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံး အဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပြင်ဆင်ချက် -

မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၆ ခုနှစ်၊ လ၊ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁)၊အပိုဒ် ၂(က)(ဃ)(ဈ)(ည)(ဋ)(ဌ)(တ)(ထ)(ဒ)(ဓ)(န)(ဖ)

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) ကောင်စီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားအဆင့်ရှိ မြန်မာနိုင်ငံစာရင်းကောင်စီကို ဆိုသည်။ ကောင်စီသည် စာရင်းပညာ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များအတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသော တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။

(ဃ) စာရင်းလုပ်ငန်းနယ်ပယ် ဆိုသည်မှာ စာရင်းပညာဖြင့် အသက်မွေးမှုလုပ်ငန်းနယ်ပယ်များဖြစ်သည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း နယ်ပယ်၊ ပုဂ္ဂလိကကဏ္ဍစာရင်း လုပ်ငန်းနယ်ပယ်၊ အစိုးရကဏ္ဍစာရင်း လုပ်ငန်းနယ်ပယ်နှင့် စာရင်းပညာသင်ကြားမှုလုပ်ငန်းနယ်ပယ်တို့ကို ဆိုသည်။

(ဈ) လက်မှတ်ရစာရင်းကိုင်ဆိုသည်မှာ လက်မှတ်ရပြည်သူ့ စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်း စာမေးပွဲနှစ်ပိုင်းလုံး အောင်မြင်ပြီးသူကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေ ပုဒ်မ ၄၀ အရ ကောင်စီက အသိအမှတ်ပြုထားသူများလည်း အကျုံးဝင်သည်။

(ည) လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်း စာမေးပွဲနှစ်ပိုင်းလုံး အောင်မြင်သည့်အပြင် သတ်မှတ်သည့် စာရင်းကိုင်အလုပ်သင် လုပ်သက်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ ဆောင်ရွက်ပြီးဖြစ်သူကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေ ပုဒ်မ ၄၀ အရ ကောင်စီက အသိအမှတ် ပြုထားသူများလည်း အကျုံးဝင်သည်။

(ဋ) စာရင်းပညာရှင်ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင် သို့မဟုတ် နိုင်ငံခြားစာရင်းပညာဘွဲ့၊ စာရင်းပညာရှင် လက်မှတ်တစ်ခုခုရရှိထားသည့် နိုင်ငံသားအား ကောင်စီက လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် စိစစ်ခွင့်ပြုထားသူ သို့မဟုတ် နိုင်ငံခြားသားစာရင်းပညာရှင်အား ကောင်စီက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် စိစစ်ခွင့်ပြုထားသူကို ဆိုသည်။

(ဌ) စာရင်းလုပ်ငန်းလုပ်ကိုင်သူ ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင်ပြီးနောက် စာရင်းလုပ်ငန်းကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ရန် ကောင်စီတွင် မှတ်ပုံတင်ထားသူကို ဆိုသည်။

(တ) စာရင်းပညာသင်ကြားမှုလုပ်ငန်းဆိုသည်မှာ ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ထ) အသင်းဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့ စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကို ဆက်ခံသည့် အဖွဲ့အစည်းကို ဆိုသည်။ အသင်းသည် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များကို ကိုယ်စားပြုသည့် စာရင်းပညာဆိုင်ရာ အမျိုးသား အဆင့် အဖွဲ့အစည်းဖြစ်သည်။

(ဒ) နိုင်ငံခြားသားစာရင်းပညာရှင် ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရသော် လည်းကောင်း၊ မြန်မာနိုင်ငံ အစိုးရနှင့် နိုင်ငံခြားအစိုးရ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းတို့ ချုပ်ဆိုသောစာချုပ် သို့မဟုတ် သဘောတူညီချက်အရသော်လည်း ကောင်း၊ နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံအများ၏ စာရင်းပညာ အဖွဲ့အစည်းများ အချင်းချင်းအပြန်အလှန် အသိအမှတ်ပြုခြင်း အစီအမံများအရသော်လည်းကောင်း မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ရန် ကောင်စီကစည်းမျဉ်းနှင့်အညီ မှတ်ပုံ တင်ခွင့်ပြုထားသည့် နိုင်ငံခြားသား လက်မှတ်ရပြည်သူ့စာရင်းကိုင် သို့မဟုတ် အလားတူ စာရင်းပညာရှင်ကိုဆိုသည်။

(ဓ) လုပ်ငန်းအဖွဲ့အစည်းဆိုသည်မှာ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် စီးပွားရေး လုပ်ငန်း၊ စီမံအုပ်ချုပ်မှုလုပ်ငန်း၊ အများပြည်သူဆိုင်ရာ ဆောင်ရွက်မှုနှင့် လိုအပ် ချက်များ ဖြည့်ဆည်းစီမံရေးလုပ်ငန်းနှင့် အမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်သည့် လုပ်ငန်းတို့ကို ဆိုလိုသည်။ ထို့အပြင် နိုင်ငံတော် သို့မဟုတ် ပုဂ္ဂိုလ် အများ၏ ငွေကြေး၊ ပစ္စည်းထည့်ဝင်မှု၊ ထောက်ပံ့မှု၊ လှူဒါန်းမှုတို့ဖြင့် လုပ်ငန်း ဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သော်လည်း ကောင်း၊ အမိန့်ကြော်ငြာစာ တစ်ရပ်ရပ်အရသော်လည်းကောင်း ဖွဲ့စည်းထားသော အဖွဲ့ အစည်းများလည်း ပါဝင်သည်။

(န) လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူ ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းအတွက် အရင်း အနှီးထည့်ဝင်ထားသူများ သို့မဟုတ် အရင်းအနှီး ထည့်ဝင်ထားသူများကိုယ်စား သို့မဟုတ် ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်ကိုယ်စား သို့မဟုတ် နိုင်ငံတော်ကိုယ်စား လုပ်ငန်းအဖွဲ့အစည်းကို လက်တွေ့အုပ်ချုပ်စီမံဆောင်ရွက်သူ သို့မဟုတ် ထိုသို့ အုပ်ချုပ်စီမံ ဆောင်ရွက်ရသည့် အဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်း ဖွဲ့စည်းပုံအရ စီမံခန့်ခွဲရေးအဖွဲ့၊ ဒါရိုက်တာအဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့၊ ဂေါပက အဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့ စသည်ဖြင့် အမည်အခေါ် အမျိုးမျိုးရှိသည့် အဖွဲ့များလည်း ပါဝင်သည်။

(ပ) မှတ်ပုံတင်အရာရှိ ဆိုသည်မှာ ဤဥပဒေအရ ဖြစ်ပေါ်သည့် ဒီပလိုမာ စာရင်းကိုင်၊ လက်မှတ်ရ စာရင်းကိုင်၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်၊ အလုပ်သင် စာရင်းကိုင်၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူ များစာရင်းနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း များစာရင်းကို မှတ်ပုံတင်ထိန်းသိမ်းခြင်းနှင့် လိုအပ်သလို ထုတ်ပြန်ကြေညာခြင်း ဆောင်ရွက်ရန် ကောင်စီက ခန့်အပ်ထားသူကို ဆိုသည် ဟု ပြင်ဆင်ထား ပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)(ဃ)(ဈ)(ည)(ဋ)(ဌ)(တ)(ထ)(ဒ)(ဓ)(န)(ဖ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂ (က)(ဃ)(ဈ)(ည)(ဋ)(ဌ)(တ)(ထ)(ဒ)(ဓ)(န)(ဖ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၂)၊ အပိုဒ် ၃(ဂ)

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ဂ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၏ ကျင့်ဝတ်သိက္ခာ မြင့်မားရေးနှင့် စာရင်းလုပ်ငန်း အရည်အသွေးပြည့်မီရေး ထိန်းသိမ်းဆောင်ရွက်ရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃ (ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂)၊ အပိုဒ် ၃(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၃)၊ အပိုဒ် ၄ (ဂ)(ဆ)(ဇ)(ဋ)(ဌ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊

အပိုဒ် ၇ (ခ)(ဂ)(စ)၊ အပိုဒ် ၁၀

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(ဂ) တိုင်းဒေသကြီးနှင့် ပြည်နယ် စာရင်းစစ်ချုပ်များ — အဖွဲ့ဝင်

(ဃ) (၅)ဦးထက်မပိုသော စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခချုပ်များ — အဖွဲ့ဝင်

(ဇ) မြန်မာနိုင်ငံလက်မှတ်ရ စာရင်းကိုင်များအသင်းဥက္ကဋ္ဌနှင့် ကိုယ်စားလှယ် (၉)ဦး — အဖွဲ့ဝင်

(ဈ) ညွှန်ကြားရေးမှူးချုပ်၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး — အတွင်းရေးမှူး

ဟု ပြင်ဆင်ထားပါတယ်။

(ဋ) မြန်မာနိုင်ငံလက်မှတ်ရ စာရင်းကိုင်များအသင်းမှ အတွင်းရေးမှူး — တွဲဖက်အတွင်းရေးမှူး

၅။ ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၄)နှစ်ဖြစ်သည်။

၆။ ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော အဖွဲ့အစည်းဖြစ်သည် ဟု ဖြည့်စွက်ထားပါတယ်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါအကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(ခ) ကောင်စီသို့ ခွင့်တိုင်ကြားခြင်းမရှိဘဲ အစည်းအဝေး တက်ရောက်ရန် သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီနှင့် တစ်နှစ်နှင့်အထက် ကင်းကွာခြင်း၊

(စ) စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှု မရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း ဟု ပြင်ဆင်ထားပါတယ်။

၁၀။ ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ပြန်လည် ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကောင်စီဝင်တစ်ဦးဦး လစ်လပ်ပါက ပြန်လည်ရွေးချယ် တာဝန်ပေးအပ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (ဂ)(ဆ)(ဇ)(ဍ)(ဎ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ (ခ)(ဂ)(စ)၊ အပိုဒ် ၁၀ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အပိုဒ် ၄ (ဂ)(ဆ)(ဇ)(ဍ)(ဎ)၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ (ခ) (ဂ)(စ)၊ အပိုဒ် ၁၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၄)၊ အပိုဒ် ၁၁ (ဃ)(င)(ဆ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄

၁၁။ ကောင်စီသည် မိမိ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အလို့ငှာ အလုပ်အမှုဆောင် အဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(ဃ) မြန်မာနိုင်ငံလက်မှတ်ရ စာရင်းကိုင်များအသင်းမှ ကိုယ်စားလှယ် ကောင်စီအဖွဲ့ဝင်(၆)ဦး ဟုဖြည့်စွက်ထားပါတယ်။ — အဖွဲ့ဝင်

(င) အခြားကောင်စီအဖွဲ့ဝင် (၅)ဦး ဟု ပြင်ဆင်ထားပါတယ်။ — အဖွဲ့ဝင်

(ဆ) ကောင်စီတွဲဖက် အတွင်းရေးမှူး ဟု ဖြည့်စွက်ထားပါတယ်။ — တွဲဖက်အတွင်းရေးမှူး

၁၂။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဃ)ပါ ကောင်စီအဖွဲ့ဝင်(၁၁)ဦးကို ကောင်စီ၏ ပထမဆုံး အစည်းအဝေးတွင် ရွေးချယ်တာဝန်ပေးရမည်။ ကောင်စီသက်တမ်းအတွင်း အဖွဲ့ဝင်လစ်လပ်မှုများကို အနီးကပ်ဆုံး ကောင်စီ အစည်းအဝေးတွင် အစားထိုးရွေးချယ် တာဝန်ပေးရမည်။

၁၄။ အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက်  အခန်း(၄)၊ အပိုဒ် ၁၁ (ဃ)(င)(ဆ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၄)၊ အပိုဒ် ၁၁ (ဃ)(င)(ဆ)၊ အပိုဒ် ၁၂၊ အပိုဒ် ၁၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၅) အပိုဒ် ၁၆ (က)(ခ)(ဂ)(ဃ)(စ)(ဈ)(ည)(ဋ)(ဍ)(တ)

၁၆။ ကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းနှင့် အခြား သင်တန်းများဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ အရည်အချင်းစစ် စာမေးပွဲများ ပြုလုပ်ခြင်း၊ သင်တန်းနှင့် စာမေးပွဲဆိုင်ရာ စည်းမျဉ်း များချမှတ်ခြင်း၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ ပေးအပ်ခြင်း၊

(ခ) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်သင်တန်းနှင့် အခြား သင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို ချမှတ်ပြဋ္ဌာန်းခြင်း၊ လိုအပ်သလို ပြင်ဆင် ခြင်း၊ ထိုသင်တန်းများအတွက် ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာအုပ်များ စီစဉ်ခြင်း၊

(ဂ) စာရင်းကိုင်အလုပ်သင် လက်တွေ့သင်ကြားရေး၊ စဉ်ဆက်မပြတ် စာရင်းပညာ လေ့လာဆည်းပူးရေးလုပ်ငန်း အစီအစဉ်နှင့် စည်းမျဉ်းများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) စာရင်းကိုင်စံများ၊ စာရင်းစစ်စံများ၊ ကျင့်ဝတ်သိက္ခာဆိုင်ရာ စံများ၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ စာရင်းလုပ်ငန်း အရည်အသွေး ထိန်းသိမ်းရေး အစီအစဉ်များ ချမှတ် ပြဋ္ဌာန်းခြင်း၊ ထိုပြဋ္ဌာန်းချက်များကို လက်တွေ့လိုက်နာ ကျင့်သုံးနိုင်ရေးအတွက် လိုအပ်သည့် သင်တန်းများ စီစဉ်ခြင်း၊ ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ ပြဋ္ဌာန်းချက် အထောက် အကူပြုစာအုပ်စာတမ်းများ ထုတ်ဝေခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာ စာရင်းပညာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အပြန်အလှန် အသိအမှတ်ပြုရေး သဘော တူညီချက်များကို အပြည်ပြည်ဆိုင်ရာ စာရင်းပညာအဖွဲ့အစည်းများနှင့် ချုပ်ဆိုခြင်း၊

(ဈ) ဤဥပဒေပါ ရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် ကောင်စီက ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် လက်မှတ်ရစာရင်းကိုင်များနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ ပါဝင်ဆောင်ရွက်ရေးအတွက် တာဝန်သတ်မှတ် လွှဲအပ်ပေးခြင်း၊ ယင်းသို့ တာဝန်ယူ ဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(ည) စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရေးအတွက် ပြည့်စုံရမည့် လက်တွေ့လုပ်ငန်း အတွေ့အကြုံနှင့် လုပ်သက်ကာလ၊ ကျင့်သုံးရ

မည့်လုပ်ငန်း နည်းစနစ်နှင့် အခြားလိုအပ်ချက်များကို စာရင်းလုပ်ငန်း နယ်ပယ်အလိုက်၊ စာရင်းလုပ်ငန်း အမျိုးအစားအလိုက် သတ်မှတ်ခြင်း၊

(ဋ) ဤဥပဒေပါရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရမည့် ကော်မတီများ၊ လုပ်ငန်းအဖွဲ့များကိုကောင်စီဝင်များ၊ သင့်လျော်သည့် စာရင်းပညာရှင်များဖြင့် လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်း၊

(ဍ) ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့ စာရင်းကိုင်သင်တန်းများကို သတ်မှတ်သင်ရိုးညွှန်းတမ်း နှင့်အညီ အဆင့်မီသင်ကြားမည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ရန်တင်ပြခြင်းကို စိစစ်ခွင့်ပြုခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(တ) တာဝန်ပျက်ကွက်သော သို့မဟုတ် စာရင်းပညာရှင် ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သော စာရင်းကိုင်အလုပ်သင်များ၊ စာရင်းကျွမ်းကျင်သူများ၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူ၊ လက်မှတ်ရစာရင်းကိုင်၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေးအရေးယူခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၅) အပိုဒ် ၁၆(က)(ခ)(ဂ)(ဃ)(စ)(ဈ)(ည)(ဋ)(ဍ)(တ) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၅) အပိုဒ် ၁၆ (က)(ခ)(ဂ)(ဃ)(စ)(ဈ)(ည)(ဋ)(ဍ)(တ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၆) အခန်းခေါင်းစဉ်၊ အပိုဒ်၁၇(က)(ခ)(င)(စ)(ဆ)(ဇ)(ဈ)၊ အပိုဒ် ၁၈ (က)

အခန်း(၆)

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၇။ အသင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပြဋ္ဌာန်းချက်များအရ ဆောင်ရွက်သည့် စာရင်းပညာဆိုင်ရာ၊ စာရင်းလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များတွင် ကောင်စီနှင့်ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) စာရင်းပညာ၊ စာရင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ချမှတ်သင့်သော သို့မဟုတ် ပြင်ဆင်သင့်သော သင်ရိုးညွှန်းတမ်း၊ စည်းမျဉ်း၊ စည်းကမ်း၊ စံ၊ လုပ်ထုံးလုပ်နည်းတို့ကို ကောင်စီသို့ အကြံပြုတင်ပြခြင်း၊

(င) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ လက်ခံကျင့်သုံးရမည့် လုပ်ငန်းစဉ်၊ လုပ်ငန်းလမ်းညွှန်၊ စံများ၊ လက်စွဲ၊ စာရင်းလုပ်ငန်းအရည်အသွေး ထိန်းသိမ်းရေးအစီအစဉ်နှင့် လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို စာရင်းလုပ်ငန်းနယ်ပယ် သို့မဟုတ် စာရင်းလုပ်ငန်းအမျိုးအစားအလိုက် ချမှတ်ပြဋ္ဌာန်းနိုင်ရန် ကောင်စီသို့ ထောက်ခံတင်ပြခြင်း၊

(စ) ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များမှ တောင်းခံလာသော စာရင်းနှင့်စပ်လျဉ်းသည့် အကြံဉာဏ်များပေးခြင်း၊

(ဆ) အသင်း၏စည်းမျဉ်းများ သို့မဟုတ် ကောင်စီ၏ ဆုံးဖြတ်ချက်များနှင့်အညီ ဝင်ငွေ၊ ရငွေ၊ ထောက်ပံ့ငွေများဖြင့် ရန်ပုံငွေထူထောင်ဆောင်ရွက်ခြင်း၊

(ဇ) စာရင်းလုပ်ငန်း လုပ်ကိုင်သူများ၊ စာရင်းပညာရှင်များ၏ နစ်နာချက် သို့မဟုတ် တိုင်ကြားချက်များနှင့် စပ်လျဉ်း၍ ကောင်စီသို့ စိစစ်တင်ပြခြင်း၊

(ဈ) အသင်း၏ ဆောင်ရွက်ချက်များကို ကောင်စီ အစည်းအဝေးသို့ တင်ပြခြင်း။

၁၈။ အသင်းနှင့်စပ်လျဉ်း၍ ကောင်စီက အောက်ပါအတိုင်း ဆောင်ရွက်ပေးရမည်-

(က) အသင်းအားထိုက်သင့်သည့် ထောက်ပံ့မှုများခွင့်ပြုခြင်း၊ လိုအပ်ပါက ပြည်ထောင်စုအစိုးရ အဖွဲ့သို့ ထောက်ခံတင်ပြခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၇ (က)(ခ)(င)(စ)(ဆ) (ဇ) (ဈ)၊ အပိုဒ် ၁၈(က) ပြင်ဆင်ချက်အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၆) အခန်းခေါင်းစဉ်၊ အပိုဒ် ၁၇ (က)(ခ)(င)(စ)(ဆ)(ဇ) (ဈ)၊ အပိုဒ် ၁၈(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၇)၊ အပိုဒ် ၁၉ (က)(၂)(၃)(၅)(၆)(၇)၊ အပိုဒ် ၁၉(ခ)၊ အပိုဒ် ၂၀(က)(၁)(၂)၊ အပိုဒ် ၂၀ (ခ)၊ အပိုဒ် ၂၁

၁၉။ (က) ကောင်စီသည် အောက်ဖော်ပြပါ ကော်မတီများနှင့် လိုအပ်သော ကော်မတီများကို ကောင်စီဝင်များ၊ ပြည်သူ့စာရင်းကိုင်များ၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်-

(၂) သင်ရိုးညွှန်းတမ်းကော်မတီ၊

(၃) စာစစ်ကော်မတီ၊

(၅) စာရင်းစစ်လုပ်ငန်းဆိုင်ရာ စောင့်ကြည်စစ်ဆေးရေးကော်မတီဟု ပြင်ဆင်ထားပါတယ်။

(၆) စာရင်းကိုင်လုပ်ငန်းဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေးကော်မတီဟု ဖြည့်စွက်ထားပါတယ်။

(၇) စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် စိစစ်ရေး ကော်မတီဟု ပြင်ဆင်ထားပါတယ်။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြသည့်ကော်မတီများ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်း ဖြစ်သည်။

၂၀။ (က) ကောင်စီသည် အောက်ဖော်ပြပါအဖွဲ့နှင့် ကော်မတီကို ကောင်စီဝင်များ၊ ပြည်သူ့စာရင်းကိုင်များ၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် ကိစ္စရပ်အလိုက် လိုအပ်သည့်အခါ ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည် -

(၁) စုံစမ်းစစ်ဆေးရေးအဖွဲ့၊

(၂) စည်းကမ်းထိန်းသိမ်းရေးကော်မတီဟု ပြင်ဆင်ထားပါတယ်။

(ခ) ပုဒ်မခွဲ (က)တွင် ဖော်ပြသည့်အဖွဲ့နှင့် ကော်မတီတို့၏ တာဝန်နှင့် သက်တမ်းသည် ကောင်စီက သတ်မှတ်သည့် အတိုင်းဖြစ်သည် ဟု ဖြည့်စွက်ထားပါတယ်။

၂၁။ ကောင်စီသည် ကော်မတီနှင့်အဖွဲ့အသီးသီးကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ယင်းတို့အတွက် တာဝန်သတ်မှတ်ချက်များကို ပြင်ဆင်နိုင်သည်။ လုပ်ငန်းသဘာဝအရလိုအပ်ပါက ဆပ်ကော်မတီများ ဖွဲ့စည်းနိုင်သည်။ ယင်းတို့၏လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၉ (က)(၂)(၃)(၅)(၆)(၇)၊ အပိုဒ် ၁၉ (ခ)၊ အပိုဒ် ၂၀ (က)(၁)(၂)၊ အပိုဒ် ၂၀ (ခ)၊ အပိုဒ် ၂၁ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၇)၊ အပိုဒ် ၁၉ (က)(၂)(၃)(၅)(၆)(၇)၊ အပိုဒ် ၁၉(ခ)၊ အပိုဒ် ၂၀(က) (၁)(၂)၊ အပိုဒ် ၂၀(ခ)၊ အပိုဒ် ၂၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၈)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄ ၊ အပိုဒ် ၂၅ (က)(ခ)

၂၂။ ဒီပလိုမာ စာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် သင်တန်းများကို ကောင်စီက ဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေ ပုဒ်မ ၂၈ အရ ကောင်စီက ဖွင့်လှစ်ခွင့်ပြုသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် သင်ကြားပို့ချရမည်။

၂၄။ ကောင်စီသည် လက်မှတ်ရစာရင်းကိုင် ဒုတိယပိုင်း စာမေးပွဲအောင်မြင်သူများကို လက်မှတ်ရ စာရင်းကိုင် လက်မှတ်အပ်နှင်းရမည်။

၂၅။ ကောင်စီသည် -

(က) စာရင်းကိုင်သင်တန်းများ တက်ရောက်ခွင့်အတွက် သင်တန်းဝင်ခွင့် အရည်အချင်း ကန့်သတ်ခြင်းနှင့် စိစစ်ခြင်း၊ သင်တန်းဝင်ခွင့် စာမေးပွဲကျင်းပခြင်းတို့ကို ပြုလုပ်ရမည်။

(ခ) သင်တန်းဝင်ခွင့်လျှောက်ထားစဉ်က မမှန်မကန်သည့် အချက်များဖြင့် လျှောက်ထားခဲ့ကြောင်း ပေါ်လွင်ထင်ရှားပါက သင်တန်းဝင်ခွင့် ငြင်းပယ်ခြင်း၊ သင်တန်းမှ ထုတ်ပယ်ခြင်း၊ အပ်နှင်းထားပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၈)၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ (က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၉)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ခြေဆင်း

၂၆။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင် သို့မဟုတ် လက်မှတ်ရစာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် အဖြစ် မှတ်ပုံတင်ရန် လျှောက်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်။

၂၇။ လက်မှတ်ရစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် ကောင်စီက အသိအမှတ် ပြုထားသည့် စာရင်းကိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ခြေဆင်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၉)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ ခြေဆင်း သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၀)၊အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(က) (ခ)(ဂ)(ဃ)(င)(စ)

၃၀။ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းတွင် သင်တန်းဆရာများအဖြစ် ဆောင်ရွက်သူများ အတွက် ပြည့်စုံရမည့် အရည်အချင်းနှင့် အတွေ့အကြုံလိုအပ်ချက်ကို ကောင်စီက သတ်မှတ်နိုင်သည်။

၃၁။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း သင်တန်းဆရာများသည် ကောင်စီတွင် မှတ်ပုံတင် ရမည်။

၃၂။ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်း သင်တန်းဆရာများ မှတ်ပုံတင်ခြင်းအတွက် စည်းမျဉ်း များ၊ လုပ်ထုံးလုပ်နည်းများကို ကောင်စီက ချမှတ်ရမည်။

၃၃။ ကောင်စီသည် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း၏ တာဝန်နှင့် အခွင့်အရေးများကို သတ်မှတ်ပေးရမည်။

၃၄။ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများနှင့် စပ်လျဉ်းသည့် ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့် လျှောက်ထားရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု မရှိပါက ငြင်းပယ်ခြင်း၊

(ခ) သင်တန်းကျောင်း၏ သင်ကြားပို့ချမှုကိုစိစစ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ဂ) သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ရာတွင် ပြုပြင်ဆောင်ရွက်ရန် သို့မဟုတ် ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ချက်ရှိကြောင်း တွေ့ရှိရလျှင် သင်တန်းကျောင်း ဖွင့်လှစ် လုပ်ကိုင်ခွင့်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း၊

(ဃ) ထိုသို့ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ခံရသည့် သင်တန်းကျောင်းက ပြုပြင် ဆောင်ရွက်ပြီး ဖြစ်၍ သို့မဟုတ် ဖြည့်ဆည်းဆောင်ရွက်ပြီးဖြစ်၍ ပြန်လည်ဖွင့်ခွင့်ပေးပါရန် လျှောက်ထားလာပါက စိစစ်၍ ခွင့်ပြုပေးခြင်း၊

(င) သင်တန်းကျောင်းအလိုက် မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးနှုန်းများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့နှုန်းဖြင့်ခွင့်ပြုခြင်း၊

(စ) သင်တန်းသား မှတ်ပုံတင်ကြေးနှင့် စာမေးပွဲကြေးများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့နှုန်းဖြင့် ခွင့်ပြုခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(က)(ခ)(ဂ)(ဃ)(င) (စ)ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၀)၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄(က)(ခ)(ဂ)(ဃ)(င)(စ)သည် ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၂)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂ (က)(ခ)၊ အပိုဒ် ၄၃

၄၀။ နိုင်ငံအများက အသိအမှတ်ပြုထားသည့် နိုင်ငံခြားစာရင်း ပညာဘွဲ့ သို့မဟုတ် စာရင်းပညာရှင် လက်မှတ်တစ်ခုခုကို ရရှိထားသူ နိုင်ငံသားအား လက်မှတ်ရစာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ကောင်စီကအသိအမှတ်ပြုနိုင်သည်။ ကောင်စီ

က အသိအမှတ်ပြုသည့် နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် လက်မှတ်အမည်စာရင်းများကို ကောင်စီက ထုတ်ပြန်ကြေညာရမည်။

၄၂။ ကောင်စီသည် -

(က) လက်မှတ်ရစာရင်းကိုင်အဖြစ် အသိအမှတ်ပြုရေးအတွက် လျှောက်ထားခြင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု မရှိပါက ငြင်းပယ်နိုင်သည်။

(ခ) အသိအမှတ်ပြုပြီးနောက် မမှန်ကန်သည့် အထောက်အထားဖြင့် လျှောက်လွှာ တင်ပြခဲ့သည်ဟု တွေ့ရှိရလျှင် အသိအမှတ်ပြုထားခြင်းကို ပယ်ဖျက်သည့်အပြင် ထိုပုဂ္ဂိုလ်အား နာမည်ပျက် စာရင်းသွင်း မှတ်တမ်းတင်ရမည်။

၄၃။ ပုဒ်မ ၄၀ အရ လက်မှတ်ရစာရင်းကိုင် အဖြစ် ကောင်စီက အသိအမှတ်ပြုထားသူသည် ပုဒ်မ ၂၇ ပါပြဋ္ဌာန်းချက်များကို လိုက်နာ ဆောင်ရွက်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂ (က)(ခ)၊ အပိုဒ် ၄၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၂)၊ အပိုဒ် ၄၀၊ အပိုဒ် ၄၂ (က)(ခ)၊ အပိုဒ် ၄၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်-

အခန်း(၁၃)၊အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁

၄၄။ ကောင်စီသည် အစိုးရကဏ္ဍစာရင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကဏ္ဍ စာရင်းလုပ်ငန်း နယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အား အခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြုစုနိုင်ရေးအတွက် စာရင်းပညာဘွဲ့ သို့မဟုတ် စာရင်းပညာလက်မှတ်ရဝန်ထမ်း ခန့်ထားမှုအခြေအနေများကို အစိုးရနှင့်ပုဂ္ဂလိကဌာန အဖွဲ့အစည်း အသီးသီးနှင့် နှစ်စဉ်ညှိနှိုင်းဆောင်ရွက်ရမည်။

၄၅။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရစာရင်းကိုင်နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များသည် စာရင်းပညာသင်ကြားမှုလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ စာရင်းပညာသင်ကြားမှုလုပ်ငန်းလုပ်ကိုင်ခွင့်

မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်။

၄၆။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသာ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၇။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားသူ ပုဂ္ဂိုလ်အလိုက်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်း အလိုက် ဖြစ်စေ သတ်မှတ်ထားသည့် လက်တွေ့လုပ်ငန်းအတွေ့အကြုံနှင့် လုပ်သက်ကာလ၊ ကျင့်သုံးရမည့်လုပ်ငန်း နည်းစနစ်နှင့် အခြားလိုအပ်ချက်များကို လုပ်ငန်းအမျိုးအစားအလိုက် ကောင်စီက သတ်မှတ်နိုင်သည်။

၄၈။ ကောင်စီသည် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားသူ၏ လျှောက်လွှာကိုစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူကို မှတ်ပုံတင်ကြေး သို့မဟုတ် သက်တမ်းတိုးကြေး ပေးသွင်းစေ၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်။

၄၉။ ကောင်စီသည် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ်ကို အမျိုးအစားများ ခွဲခြားသတ်မှတ်နိုင်သည်။ လုပ်ကိုင်ခွင့်လက်မှတ် အမျိုးအစားအလိုက် လိုက်နာရမည့် အချက်များနှင့် ဆောင်ရွက်ခွင့်မရှိသည့် လုပ်ငန်းများကို ကောင်စီ က သတ်မှတ်ပေးရမည်။

၅၀။ စာရင်းလုပ်ငန်း လုပ်ကိုင်သူ အမျိုးအစားအလိုက် တစ်ဦးချင်း ဖြစ်စေ၊ အဖွဲ့အစည်းအလိုက် ဖြစ်စေ ဖွဲ့စည်းတည်ထောင်မှုများကို သတ်မှတ်ချက်များနှင့်အညီ ကောင်စီတွင် မှတ်ပုံတင်ရမည်။

၅၁။ ကောင်စီသည် ပုဒ်မ ၄၅ နှင့် ပုဒ်မ ၄၆ တို့အရ လျှောက်ထားရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင် မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ကို ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များ ကိုက်ညီအောင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၃)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅၊ အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၄၈၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ** ။ အစည်းအဝေးကို နေ့လယ်စာသုံးဆောင်ဖို့ (၁း၀၀)နာရီရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၂း၀၀ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၃း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၄။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်ပိုင်းခွင့်များကို တင်ပြပါ့မယ်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)။ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သူဦး၊ မကွေး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ မိသားစုကိစ္စ။ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမြဝင်း၊ ကရင်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမျိုးမြင့်၊ မန္တလေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ နေလယ်ပိုင်း ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လည်ပိုင်းခွင့်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၃း၀၅။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ဥက္ကဋ္ဌက ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ဆက်ပြီးဆောင်ရွက်ပါ့မယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၄)၊အပိုဒ် ၅၂(က)(ခ)၊ အပိုဒ် ၅၃(က)(ခ)(ဂ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅ (က)(ခ)(ဂ)(ဃ)(င)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀

၅၂။ အောက်ဖော်ပြပါအချက်များနှင့် ညီညွတ်သည့် နိုင်ငံခြားသား စာရင်းပညာရှင်များသာ မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် ကောင်စီသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားခွင့်ရှိသည် -

(က) မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရတို့ ချုပ်ဆိုသော စာချုပ်အရ ခွင့်ပြုနိုင်ခြင်း၊

(ခ) နိုင်ငံအချင်းချင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ စာရင်းပညာ အဖွဲ့အစည်းများ အပြန်အလှန် အသိအမှတ်ပြုခြင်း သဘောတူညီချက်များအရ ခွင့်ပြုနိုင်ခြင်း။

၅၃။ ပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်အရ လျှောက်ထားသည့် နိုင်ငံခြား သားစာရင်းပညာရှင်သည် အောက်တွင်ဖော်ပြသည့် အချက်များကို ပြည့်စုံခိုင်လုံသည့် အထောက်အထားဖြင့် ကနဦးတင်ပြရမည်-

(က) သက်ဆိုင်ရာနိုင်ငံ၏ အမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားသော စာရင်းပညာရှင် လက်မှတ်နှင့် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ် ရရှိထားသူဖြစ်ခြင်း၊

(ခ) သက်ဆိုင်ရာနိုင်ငံ အမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်းက မြန်မာနိုင်ငံ စာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ပြည်သူ့စာရင်းကိုင်များကို အသိအမှတ်ပြုထားပြီးဖြစ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသား ပြည်သူ့စာရင်းကိုင်များ အနေဖြင့် အဆိုပါ နိုင်ငံတွင် ယင်းနိုင်ငံသားများနည်းတူ စာရင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရှိခြင်း။

၅၄။ ကောင်စီသည် ပုဒ်မ ၅၃ အရတင်ပြချက်များ မှန်ကန်မှု ခိုင်လုံမှုမရှိဟု တွေ့ရှိရလျှင် အဆိုပါ လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

၅၅။ ပုဒ်မ ၅၃ အရ တင်ပြချက်များ မှန်ကန်ကြောင်း စိစစ်တွေ့ရှိရလျှင် ထိုနိုင်ငံခြားသား စာရင်းပညာရှင်အား မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် ကောင်စီသို့ အောက်ပါ အထောက်အထား စာရွက်စာတမ်းများနှင့် တင်ပြလျှောက်ထား စေရမည် -

(က) မြန်မာနိုင်ငံ ပြည်ဝင်ခွင့်နှင့် နေထိုင်ခွင့်ပြုကြောင်း အထောက်အထား စာရွက်စာတမ်းများ၊

(ခ) နိုင်ငံကူးလက်မှတ်မူရင်း နှင့် မိတ္တူ၊

(ဂ) သက်ဆိုင်ရာနိုင်ငံ အမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်းက ထုတ်ပေးသည့် စာရင်းပညာအောင် လက်မှတ် မူရင်းနှင့် မိတ္တူ၊

(ဃ) သက်ဆိုင်ရာနိုင်ငံ အမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာဌာန အဖွဲ့အစည်းက ထုတ်ပေးသည့် အဆိုပါနိုင်ငံတွင် စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ် မူရင်းနှင့် မိတ္တူ၊

(င) ကောင်စီကသတ်မှတ်သည့် အခြားစာရွက်စာတမ်းများ။

၅၆။ ပုဒ်မ ၅၅ အရ တင်ပြချက်များ ပြည့်စုံခိုင်လုံပါက အဆိုပါ နိုင်ငံခြားသား စာရင်းပညာရှင်ကို ပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုရေးအတွက် ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်အတိုင်း ဆက်လက် စိစစ်ဆောင်ရွက်ရမည်။

၅၇။ ပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုခြင်း ခံရသည့် နိုင်ငံခြားသား စာရင်းပညာရှင်သည် သတ်မှတ်သည့် မှတ်ပုံတင် ကြေး ပေးသွင်းလျက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၅၈။ ပုဒ်မ ၅၇ အရ မှတ်ပုံတင်ပြီးသည့် နိုင်ငံခြားသားစာရင်း ပညာရှင်ကို စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ် လျှောက်ထားစေလျက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုရမည်။

၅၉။ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင် ခွင့်ပြုချက် ဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်း ဖွင့်လှစ် လုပ်ကိုင်ခွင့် ရရှိသော နိုင်ငံတကာ စာရင်းလုပ်ငန်း အဖွဲ့အစည်းများသည် စာရင်းလုပ်ငန်းကို ကောင်စီကသတ်မှတ်သည့် ဖွဲ့စည်းမှုပုံစံဖြင့်သာ ဆောင်ရွက်ရမည်။ စာရင်းလုပ်ငန်းကို ထိုဖွဲ့စည်းမှု ပုံစံဖြင့် ဆောင်ရွက်ခွင့်ရရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၆၀။ ကောင်စီသည် ပုဒ်မ ၅၉ အရ လျှောက်ထားခြင်းကိုစိစစ်၍ မှတ်ပုံတင် ခွင့်ပြုနိုင်သည်။ လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းတိုး လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၅၂ (က)(ခ)၊ အပိုဒ် ၅၃ (က)(ခ)(ဂ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅ (က)(ခ) (ဂ)(ဃ)(င)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၄)၊ အပိုဒ် ၅၂ (က)(ခ)၊ အပိုဒ် ၅၃ (က)(ခ)(ဂ)၊ အပိုဒ် ၅၄၊ အပိုဒ် ၅၅ (က)(ခ)(ဂ) (ဃ)(င)၊ အပိုဒ် ၅၆၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၅)၊ အပိုဒ် ၆၂ (ဂ)၊ အပိုဒ် ၆၄

၆၂။ (ဂ) သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်အဖြစ် ဆောင်ရွက်သည့် လက်မှတ်ရ စာရင်းကိုင် သို့မဟုတ် အစိုးရစာရင်းစစ်သည် အဆိုပါ ဘဏ္ဍာရေး ရှင်းတမ်းများ၏

သင့်တင့်လျောက်ပတ်စွာ ဖော်ပြမှုအပေါ် ထင်မြင်ယူဆချက် ထုတ်ဖော် တင်ပြသူအဖြစ် တာဝန်ခံခြင်း။

၆၄။ ကောင်စီသည် ပုဒ်မ ၆၁ မှ ပုဒ်မ ၆၃ ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်သည့် လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူများအား လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် အဖွဲ့အစည်းထံသို့ အကြောင်းကြားရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၆၂ (ဂ)၊ အပိုဒ် ၆၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၅)၊ အပိုဒ် ၆၂ (ဂ)၊ အပိုဒ် ၆၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက်-

အခန်း(၁၆)၊အခန်းခေါင်းစဉ်၊ အပိုဒ် ၆၅(က)၊ အပိုဒ် ၆၇(င)(စ)(ဋ)၊ အပိုဒ် ၆၈ (က)၊ အပိုဒ် ၇၀ (က)(ခ)(ဂ)

## အခန်း(၁၆)

### စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရစာရင်းကိုင်များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ၊ စာရင်းကိုင် အလုပ်သင်များ၏တာဝန်၊ ကျင့်ဝတ်သိက္ခာနှင့် ရပိုင်ခွင့်များ

၆၅။ စာရင်းလုပ်ငန်း လုပ်ကိုင်သူများသည် အောက်ပါ တာဝန်များ ရှိသည်-

(က) မိမိတာဝန်ယူ ဆောင်ရွက်သည့် စာရင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ခြင်း၊

၆၇။ (င) မိမိအားပေးအပ်သည့် စာရင်းပညာဆိုင်ရာ အလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ထိုက်သင့်သော သတိပြုခြင်းမရှိဘဲ ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဍ)ပါ လုပ်ငန်းများကို စာရင်းလုပ်ငန်း လုပ်ကိုင်သူ မဟုတ်သူများနှင့် တွဲဖက် ဖွဲ့စည်း ဆောင်ရွက်ခြင်း၊

(ဋ) လုပ်ငန်း၏အမြတ် သို့မဟုတ် အရှုံးကို မမှန်မကန်ဖော်ပြခြင်း၊ ထိုသို့ဖော်ပြထားကြောင်း စစ်ဆေး တွေ့ရှိချက်ကို ထုတ်ဖော်တင်ပြရန် ပျက်ကွက်ခြင်း။

၆၈။ စာရင်းကိုင်အလုပ်သင်သည် စာရင်းပညာလုပ်ငန်း သင်ယူ ရာတွင် မိမိထိန်းသိမ်းရမည့် ကျင့်ဝတ်သိက္ခာများနှင့်မညီသော အောက်ပါအပြုအမူတို့ကို မပြုလုပ်ရ -

(က) လက်တွေ့အလုပ်သင်ဆင်းသည့် ကာလအတွင်း သက်ဆိုင်ရာ အလုပ် သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာန အဖွဲ့အစည်းက ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်မှု မရှိခြင်းဟု ပြင်ဆင်ထားပါတယ်။

၇၀။ စာရင်းကိုင်အလုပ်သင်သည်-

(က) အလုပ်သင်စာချုပ်ပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည်။

(ခ) ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(ဂ) နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၆)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၆၅(က)၊ အပိုဒ် ၆၇ (င)(စ)(ဋ)၊ အပိုဒ် ၆၈(က)၊ အပိုဒ် ၇၀ (က)(ခ)(ဂ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၆၅ (က)၊ အပိုဒ် ၆၇ (င)(စ)(ဋ) ၊ အပိုဒ် ၆၈ (က)၊ အပိုဒ် ၇၀ (က)(ခ)(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ် အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၇၁၊ အပိုဒ် ၇၃ (ခ)(ဂ)၊ အပိုဒ် ၇၄၊ အပိုဒ် ၇၅ (က)(ခ)

## အခန်း(၁၇)

## စာရင်းကိုင်အလုပ်သင်များ၊ လက်မှတ်ရစာရင်းကိုင်များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူများကို စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်း

၇၁။ ကောင်စီသည် ပုဒ်မ ၆၅ နှင့် ပုဒ်မ ၆၆ တို့တွင် ပြဋ္ဌာန်းထားသည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်သည့် သို့မဟုတ် ပုဒ်မ ၆၇ နှင့် ပုဒ်မ ၆၈ တို့တွင် ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံရသော စာရင်းကိုင်အလုပ်သင်၊ လက်မှတ်ရစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူအား စုံစမ်းစစ်ဆေးရန် ကောင်စီဝင် အနည်း

ဆုံး(၂)ဦး ပါဝင်သော အဖွဲ့ဝင်(၅)ဦးဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၇၃။ စည်းကမ်းထိန်းသိမ်းရေး ကော်မတီသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက် တစ်ခုခုကို ချမှတ်နိုင်သည်-

(ခ) စာရင်းကိုင် အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့် သို့မဟုတ် လက်မှတ်ရ စာရင်းကိုင် လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်လက်မှတ် သို့မဟုတ် စာရင်း လုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ်ကို ကာလ အပိုင်းအခြား သတ်မှတ်၍ ရုပ်သိမ်းခြင်း၊

(ဂ) စာရင်းကိုင် အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့် သို့မဟုတ် လက်မှတ်ရ စာရင်းကိုင် လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်လက်မှတ် သို့မဟုတ် စာရင်း လုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ်ကို ပယ်ဖျက်ခြင်း။

၇၄။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် တရားရုံးတစ်ခုခုက အကျင့်စာရိတ္တ ပျက်ပြားရာ ရောက်သည့် ပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသော ပုဂ္ဂိုလ်ကို ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ (ဂ)ပါ အရေးယူဆောင်ရွက်မှု တစ်ခုခုကို ပြုလုပ်နိုင်သည်။

၇၅။ (က) စာရင်းကိုင် အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့် သို့မဟုတ် လက်မှတ်ရ စာရင်းကိုင် လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်လက်မှတ် သို့မဟုတ် စာရင်း လုပ်ငန်း လုပ်ကိုင်ခွင့် လက်မှတ်ကို ကာလ အပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခံရသူသည် သတ်မှတ် ကာလကုန်ဆုံးသည့်အခါ စာရင်းကိုင်အလုပ်သင် အဖြစ် ပြန်လည်ဆောင်ရွက် ခွင့် သို့မဟုတ် ပြန်လည် မှတ်ပုံတင်ခွင့်အတွက် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် လျှောက်ထားသူအား သတ်မှတ်ထားသော အခကြေးငွေ ပေးဆောင် စေပြီး စာရင်းကိုင် အလုပ်သင်အဖြစ် ပြန်လည်ဆောင်ရွက်ခွင့် သို့မဟုတ် ပြန်လည် မှတ်ပုံတင်ခွင့်ပြုနိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၇)၊ အခန်း ခေါင်းစဉ်၊ အပိုဒ် ၇၁၊ အပိုဒ် ၇၃ (ခ)(ဂ)၊ အပိုဒ် ၇၄၊ အပိုဒ် ၇၅ (က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၇၁၊ အပိုဒ် ၇၃ (ခ)(ဂ)၊ အပိုဒ် ၇၄၊ အပိုဒ် ၇၅(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၈)၊ အပိုဒ် ၇၆၊ အပိုဒ် ၇၇ (က)(ဃ)

၇၆။ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပုဒ်မ ၇၃ သို့မဟုတ် ပုဒ်မ ၇၄ အရချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၇၇။ ကောင်စီသည် ပုဒ်မ ၇၆ အရ တင်သွင်းသည့်အယူခံများနှင့် စပ်လျဥ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်-

(က) ပြန်လည်စုံစမ်းစစ်ဆေးခြင်း၊

(ဃ) အတည်ပြုခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၈)၊ အပိုဒ် ၇၆၊ အပိုဒ် ၇၇ (က)(ဃ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၈)၊ အပိုဒ် ၇၆၊ အပိုဒ် ၇၇ (က)(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၉)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၁၊ အပိုဒ် ၈၃၊ အပိုဒ် ၈၇

၇၉။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ငွေစီးဆင်းမှုအခြေအနေတို့ကို မမှန်မကန်တင်ပြခြင်း၊ ထုတ်ပြန် ကြေညာခြင်း မပြုရ။

၈၁။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် စာရင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ပုဒ်မ ၆၇ ပါ ပြဋ္ဌာန်း ချက်အပြင် ကောင်စီက ထုတ်ပြန်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ စာရင်းစစ်စံ ပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာမညီသည့် အပြုအမူများကို မပြုလုပ်ရ။

၈၃။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်ကို ကာလသတ်မှတ်၍ ရုပ်သိမ်းခြင်းခံရသူ သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ

ရက်ပေါင်း (၃၀)အတွင်း စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်ကို ကောင်စီထံ ပြန်လည်အပ်နှံရန် ပျက်ကွက်ခြင်း မရှိစေရ။

၈၇။ မည်သည့်စာရင်းလုပ်ငန်း လုပ်ကိုင်သူမျှ အကျိုးစီးပွားပါဝင် ပတ်သက်မှု၊ အကျိုးစီးပွားချင်း ပဋိပက္ခဖြစ်မှု၊ ဆန့်ကျင်ဖက် ဖြစ်မှု၊ လွတ်လပ်မှုကို ထိခိုက်စေမှုဖြစ်စေသော လုပ်ငန်းများကို လက်ခံ ဆောင်ရွက်ခြင်းမပြုရဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၉)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၁၊ အပိုဒ် ၈၃၊ အပိုဒ် ၈၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၉)၊ အပိုဒ် ၇၉၊ အပိုဒ် ၈၁၊ အပိုဒ် ၈၃၊ အပိုဒ် ၈၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၂၀)၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂၊ အပိုဒ် ၉၃၊ အပိုဒ် ၉၄

၈၈။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် ပုဒ်မ ၇၉ သို့မဟုတ် ပုဒ်မ ၈၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူ ကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း (၁၀၀) ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၉။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် ပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်ဆယ် သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၉၀။ မည်သူမဆို ပုဒ်မ ၈၂ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၁။ မည်သူမဆို ပုဒ်မ ၈၃ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင် ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၉၂။ မည်သူမဆို ပုဒ်မ ၈၄ သို့မဟုတ် ပုဒ်မ ၈၅ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း (၁၀၀) ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

၉၃။ မည်သူမဆို ပုဒ်မ ၈၆ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း (၅၀) ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် လုံးဖြစ်စေ ချမှတ်ရမည်။

၉၄။ မည်သူမဆို ပုဒ်မ ၈၇ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်းပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူ ကို တစ်နှစ် ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂၀)၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂၊ အပိုဒ် ၉၃၊ အပိုဒ် ၉၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂၀)၊ အပိုဒ် ၈၈၊ အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂၊ အပိုဒ် ၉၃၊ အပိုဒ် ၉၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၂၁)၊ အပိုဒ် ၉၅ (ခ)၊ အပိုဒ် ၉၆၊ အပိုဒ် ၉၇၊ အပိုဒ် ၉၈၊ အပိုဒ် ၉၉၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၁(က)(ခ)

၉၅။ (ခ) ကောင်စီ၏လုပ်ငန်းများ ဆောင်ရွက်ရန် ဝန်ထမ်းအင်အား ဖွဲ့စည်းပုံကို ပြည်ထောင်စု အစိုးရအဖွဲ့ ၏ခွင့်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၉၆။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် သော်လည်းကောင်း၊ စာချုပ်စာတမ်း တစ်ခုခုတွင်သော်လည်းကောင်း၊ အမှတ်အသား တစ်ခုခုတွင် သော်လည်းကောင်း၊ မှတ်ပုံတင်စာရင်းကိုင်ဟု ရည်ညွှန်းထားလျှင် ထိုရည်ညွှန်းချက်သည် ဤဥပဒေတွင် အဓိပ္ပာယ် ဖော်ပြထားသည့် လက်မှတ်ရစာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်ကို ရည်ညွှန်းသည်ဟု မှတ်ယူ ရမည်။

၉၇။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၄) အရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံစာရင်းကောင်စီသည် ဤဥပဒေ အရ ကောင်စီ မဖွဲ့စည်းမီ ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ရမည်။

၉၈။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့တွင် ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်ရရှိထားသူများသည် လက်မှတ်သက်တမ်းပြည့်သည်အထိ လုပ်ငန်းဆက်လက် လုပ်ကိုင်ခွင့်ရှိသည်။ လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းတိုးရန် လျှောက်ထားသည့်အခါ ဤဥပဒေအရ စာရင်းလုပ်ငန်း အမျိုးအစားအလိုက် မှတ်ပုံတင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်ဟု ပြင်ဆင်ထားပါတယ်။

၉၉။ နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ကောင်စီဝင်များ၊ ကောင်စီက ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များ၏ အဖွဲ့ဝင်များသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်း ဖြစ်သည်ဟု မှတ်ယူရမည် ဟု ဖြည့်စွက်ထားပါတယ်။

၁၀၀။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ (၁၉၉၄ ခုနှစ်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၁/၉၄)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၀၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် -

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်များကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၂၁)၊ အပိုဒ် ၉၅ (ခ)၊ အပိုဒ် ၉၆၊ အပိုဒ် ၉၇၊ အပိုဒ် ၉၈၊ အပိုဒ် ၉၉၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၁(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၂၁)၊ အပိုဒ် ၉၅ (ခ)၊ အပိုဒ် ၉၆၊ အပိုဒ် ၉၇၊ အပိုဒ် ၉၈၊ အပိုဒ် ၉၉၊ အပိုဒ် ၁၀၀၊ အပိုဒ် ၁၀၁(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

မူလဥပဒေကြမ်း၏

အခန်း(၃)၊ အပိုဒ် ၄ (ခ)(ဂ)(ဃ)၊

အခန်း(၅) အပိုဒ် ၁၃ (ဈ)(ထ)(ဓ)၊

အခန်း(၆) အပိုဒ် ၁၄ ၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇ (စ)(ဋ)၊ အပိုဒ် ၁၈ (ဃ)၊

အခန်း (၇) အပိုဒ် ၁၉(ဇ)၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅၊

အခန်း (၈) အပိုဒ် ၂၉(ခ)(ဂ)၊

အခန်း (၉) အပိုဒ် ၃၁၊ အပိုဒ် ၃၂(က)(ဂ)(စ)၊

အခန်း (၁၁)အပိုဒ် ၄၅၊

အခန်း (၁၃)အပိုဒ် ၅၁၊ အပိုဒ် ၅၉၊

အခန်း (၁၅)အပိုဒ် ၇၂၊ အပိုဒ် ၇၃ တို့ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည် ပြုချက် -

မူလဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ်၁၊ အပိုဒ်၂(ခ)(ဂ)(င)(စ)(ဆ)(ဍ)(၁)(၂)(၃)(၄) (ဎ)(ဏ)(ပ)၊

အခန်း(၂)၊ အပိုဒ်၃(က)(ခ)(ဃ)(င)၊

အခန်း(၆)၊ အပိုဒ် ၁၇(ဂ)(ဃ)၊ အပိုဒ် ၁၈(ခ)(ဂ) တို့နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၁)၊ အပိုဒ် ၂ (ဇ)

အခန်း (၃)၊ အပိုဒ် ၇ (က)(ဃ)(င)၊ အပိုဒ် ၈၊ အပိုဒ် ၉၊

အခန်း (၄)၊ အပိုဒ် ၁၁(က)(ခ)(ဂ)(စ)၊ အပိုဒ် ၁၃၊ အပိုဒ် ၁၅၊ အပိုဒ်၁၆(င)(ဆ)(ဇ)(ဌ)(ဎ)(ဏ)၊

အခန်း (၇)၊ အပိုဒ် ၁၉ (က)(၁)(၄)(၈)၊

အခန်း (၈)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၅(ဂ)၊ အပိုဒ် ၂၇(က)(ခ)(ဂ)၊

အခန်း(၁၀)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၅၊

အခန်း(၁၁)၊ အပိုဒ် ၃၆၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၃၉၊

အခန်း(၁၂)၊ အပိုဒ် ၄၁၊

အခန်း(၁၅)၊ အပိုဒ် ၆၁၊ အပိုဒ် ၆၂(က)(ခ)၊ အပိုဒ် ၆၃(က)(ခ)၊

အခန်း(၁၆)၊ အပိုဒ် ၆၅(ခ)(ဂ)၊ အပိုဒ် ၆၆(က)(ခ)၊ အပိုဒ် ၆၇ (က)(ခ)(ဂ)(ဃ)(ဆ)(ဇ)(ဈ)(ည)၊ အပိုဒ် ၆၈ (ခ)(ဂ)(ဃ)၊ အပိုဒ် ၆၉ (က) (ခ)(ဂ)(ဃ)၊

အခန်း(၁၇)၊ အပိုဒ် ၇၂၊ အပိုဒ် ၇၃(က)၊

အခန်း(၁၈)၊ အပိုဒ် ၇၇ (ခ)(ဂ)၊ အပိုဒ် ၇၈၊

အခန်း(၁၉)၊ အပိုဒ် ၈၀၊ အပိုဒ် ၈၂(က)(ခ)၊ အပိုဒ် ၈၄၊ အပိုဒ် ၈၅၊ အပိုဒ် ၈၆၊

အခန်း(၂၁)၊ အပိုဒ် ၉၅(က)၊ အပိုဒ် ၁၀၂ တို့ကို မူလအဆိုပြုချက် အတိုင်းထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၁၀၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၁၀၂ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်က မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ဒုတိယ စာရင်းစစ်ချုပ် က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၂၇။**

**ဦးမျိုးမြင့်(ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)။** ။ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ဒုတိယ စာရင်းစစ်ချုပ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ကိုယ်စား ကျွန်တော်ကနေပြီးတော့ အဆိုတင်သွင်းမှာ ဖြစ်ပါတယ်။ ရှေးဦးစွာ မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို အသေးစိတ် အချိန်ယူပြီးတော့ စိစစ် သုတ်သင်ပေးတဲ့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီကိုလည်းကောင်း၊ ဒီ ဥပဒေကြမ်းအပေါ်မှာ ဆွေးနွေးအကြံပြုပေးပါသော စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဝင်း ကိုလည်းကောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရဲ့ ကိုယ်စား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း ကျွန်တော် ဦးစွာ တင်ပြလိုပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးက ကျင့်သုံးဆောင်ရွက်နေတဲ့ မြန်မာနိုင်ငံ စာရင်းကောင်စီအတွက် ဥပဒေအသစ်၊ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်းကို အပိုဒ်တစ်ပိုဒ်ချင်းစီ အလိုက် ဥက္ကဋ္ဌကြီးကဦးဆောင်ပြီးတော့ လက်ခံအတည်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ကြီးကနေ အတည်ပြုပေးဖို့ ကျွန်တော်က အဆို တင်သွင်းပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃:၂၈။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၃:၂၈။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ စာရင်းစစ်ချုပ်ရုံး၊ ဒုတိယ စာရင်းစစ်ချုပ်က မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို အတည်ပြုပေးပါရန် အမျိုးသား လွှတ်တော်သို့ အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) ကျွန်တော် ဦးထွန်းမြင့် က ထောက်ခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃:၂၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့် အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမတွင် ကြားနာခဲ့သည့် အစီအစဉ်ကို ဆက်လက်ထုတ်လွှင့် ပြသခြင်း**

**အချိန်၊ ၁၃:၃၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနဲ့ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမမှာ ကြားနာတဲ့ အစီအစဉ်ကို ဆက်လက် ပြသမှာဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၄) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၃း၃၀။**

**ဥက္ကဋ္ဌ**။ ။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မတ်လ ၁၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၃း၃၂ နာရီအချိန်တွင် ရပ်နားပါသည်။]